

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

## သတင်းလွှာ

အတွဲ (၂) အမှတ် (၁) ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ( ၁၀ ) ရက်

### ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက်





“ပြည်တွင်း/ ပြည်ပခရီးသွားလာမှုများ တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်နေရပြီး လာမည့်ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံအတွင်း ပြည်တွင်း/ပြည်ပ ခရီးသွားလာမှု ပိုမိုတိုးတက်လာရန် မျှော်မှန်းပြီး လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရန်နှင့် ပြည်ပဧည့်သည်များ နည်းတူ ပြည်တွင်းမှ မိမိတို့နိုင်ငံသားများကိုလည်း စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် ခရီးသွားလည်ပတ်နိုင်ရန် အတွက် ပြည်တွင်း ခရီးသွားလုပ်ငန်းများကိုလည်း ပြည့်စုံအောင် ဆောင်ရွက် ပေးကြရမည် ဖြစ်ကြောင်း”

### ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ်အတွင်းရှိ အသေးစား အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက်






“ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတကာတွင်လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အားပေးကြကြောင်း၊ မွန်ပြည်နယ်သည် သာယာလှပသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ရေစီးရေလာများကောင်းမွန်စေရေးနှင့် မြို့များသန့်ရှင်းသာယာလှပရေး၊ ပတ်ဝန်းကျင်သပ်ရပ်လှပရေး အားလုံးဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းညွှန်အမှတ်အသားများ စနစ်တကျရှိစေရေးနှင့် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရေး ထိန်းသိမ်းကြပ်မတ်ရန်လိုကြောင်း၊ သာယာလှပသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးဆောင်ရွက်နိုင်မှသာ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ ဒေသအစားအစာများကိုလည်း ကောင်းမွန်သန့်ရှင်း သပ်ရပ်အောင် ဆောင်ရွက်ခြင်း၊ အများသိအောင် ကြော်ငြာပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့်လည်း ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း။”

# မာတိကာ


- ❖ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားခြင်းမှ ကောက်နုတ်ချက် — ၁
- ❖ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စား နှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားခြင်းမှ ကောက်နုတ်ချက် — ၁
- ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ခရီးသွားလုပ်ငန်းနှင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းရှိသော စီးပွားရေး ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သော အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်ခြင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးအား လက်ခံတွေ့ဆုံ — ၃
- ❖ တရုတ်ဘာသာစကားသင်တန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် မြန်မာ-ရုရှား နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ — ၃-၄
- ❖ ကျေးလက်ဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းရေးဆွဲရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ — ၄-၅
- ❖ နိုင်ငံတကာလေကြောင်းလိုင်းများကို ဖွင့်လှစ်ပေးခဲ့သဖြင့် နိုင်ငံပေါင်း ၇၉ နိုင်ငံမှ နိုင်ငံတကာခရီးသွားများ ဝင်ရောက်နေကြပြီဖြစ် — ၅
- ❖ သုတေသနဆိုင်ရာအခြေခံ (Basic) နှင့် အထူးကြပ်မတ် (Intensive) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ — ၅-၆
- ❖ ၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား — ၆-၈
- ❖ Ural Airlines ၏ On-Board မဂ္ဂဇင်းများတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်း ထည့်သွင်းရေးဆွေးနွေး — ၈-၉
- ❖ နေပြည်တော်သို့ ထိုင်းရုပ်သံမီဒီယာအဖွဲ့များလာရောက်၍ ရိုက်ကူးခဲ့သော မှတ်တမ်းတင်ဗီဒီယို “The Exclusive” Travel Note Show အား ထိုင်းရုပ်သံ Channel တွင် ထုတ်လွှင့်ပြသ — ၉
- ❖ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့၌ ကျင်းပသော (၁၆) ကြိမ်မြောက် ဟိုချီမင်း နိုင်ငံတကာခရီးသွားပြပွဲနှင့် အဆင့်မြင့်ဖိုရမ်သို့ တက်ရောက် — ၉-၁၀
- ❖ ယူနန်ပြည်နယ် တယ်ဟုန်းပြည်နယ်ခွဲနှင့် မြန်မာနိုင်ငံအကြား ခရီးသွားလာရေးလုပ်ငန်းများပြန်လည် လည်ပတ်နိုင်ရေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေး — ၁၀
- ❖ စပိန်နိုင်ငံ Caceres မြို့၌ အမြင့် ၄၇ မီတာရှိ ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓရုပ်ပွားတော် အပါအဝင်စေတီပုထိုးများ တည်ဆောက်သွားမည် — ၁၁
- ❖ ၂၀၂၂ ခုနှစ် တရုတ်-မြန်မာ ချစ်ကြည်ရေး ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ခြင်းနှင့်၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ — ၁၁-၁၂
- ❖ ပြင်ဦးလွင်မြို့နှင့် မန္တလေးမြို့၌ ရုရှားဘာသာစကား (အခြေခံ) သင်တန်းဖွင့်ပွဲကျင်းပ — ၁၂
- ❖ ယခုအခါ ဈေးကွက်အနေအထားအရ အလားအလာကောင်းမွန်သော ရုရှားခရီးသွားဈေးကွက်ကို ရရှိနိုင်ရန် အတွက်ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ — ၁၂-၁၃
- ❖ ပြည်ထောင်စုဝန်ကြီးဒေါက်တာဌေးအောင် အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက် — ၁၃-၁၄
- ❖ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလိုသော ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအတွက် ပံ့ပိုးဆောင်ရွက်ပေးစေလိုသော ကိစ္စရပ်များ ဆွေးနွေး — ၁၄
- ❖ လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများဖွင့်လှစ်ထားမှု၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှု၊ ပြည်ပဧည့်သည်လာရောက်မှုနှင့် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ်အသုံးပြုမှု အခြေအနေများ — ၁၄-၁၆
- ❖ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ — ၁၆-၁၇
- ❖ ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော ခရီးသွားမြှင့်တင်ရေးအစီအစဉ်များ — ၁၇-၁၈
- ❖ နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ — ၁၈
- ❖ မွန်ပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ — ၁၈
- ❖ ပဲခူးတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ — ၁၈-၁၉
- ❖ ရှမ်းပြည်နယ်အတွင်း ဟိုတယ်ဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးခြင်း — ၁၉
- ❖ မန္တလေးတိုင်းဒေသကြီးတွင် ရုရှားဘာသာစကားသင်တန်းနှင့် တရုတ်ဘာသာစကားသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ် — ၁၉-၂၀
- ❖ အာဆီယံ MICE (Meeting, Incentive, Convention, Exhibition) စံနှုန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ — ၂၀
- ❖ အသေးစားအလတ်စားလုပ်ငန်းများနှင့် ဒီဂျစ်တယ်ပို့ကုန်လုပ်ငန်းများအတွက် အာဆီယံနည်းပညာဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲသို့ Video Conferencing စနစ်ဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်တက်ရောက် — ၂၀


**********

## ပြည်ထောင်စုဝန်ကြီးဒေါက်တာဌေးအောင် ခရီးသွားလုပ်ငန်းနှင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းရှိသော စီးပွားရေးခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သော အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်ခြင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၏ ဆန်းသစ်တီထွင်မှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဆန်းသစ်တီထွင်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အောက်တိုဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင်ဝန်ကြီးဌာနကျောက်စိမ်းခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသော ခရီးသွားလုပ်ငန်းနှင့် ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိသော စီးပွားရေးခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ၊ စက်မှုဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့မှ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ တက္ကသိုလ်/ကောလိပ်များမှ ဆရာ/ဆရာမများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ တာဝန်ခံများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက တီထွင်ဖန်တီးမှုများနှင့် စွန့်ဦးတီထွင်လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းများသာမက အားနည်းလျက်ရှိသော ကဏ္ဍများကိုလည်း သတိပြု၍ ဟန်ချက်ညီစွာအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ရာဝန်ကြီးဌာနအနေဖြင့်လည်း မသန်စွမ်းခရီးသွားများ ခရီးစဉ်ဒေသများသို့ သွားလာရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် အတားအဆီးမဲ့ ခရီးသွားလုပ်ငန်းကဲ့သို့သော ခရီးသွားလုပ်ငန်းအမျိုးအစားများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အကောင်အထည်ဖော်ဆောင်လျက်ရှိပါကြောင်း၊ ဆန်းသစ်တီထွင်ဖန်တီးမှုများ အကောင်အထည်ဖော်ရာတွင် မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကဲ့သို့ လိုက်နာသင့်သည့် အချက်များနှင့်နည်းပညာတည်ဆောက်ခြင်း၊ စွမ်းရည်ရှိသူများ မွေးထုတ်ခြင်းနှင့် ငွေကြေးစသောထည့်သွင်းစဉ်းစားသင့်သည့် အချက်များအပြင် ထောက်ခံအားပေးသော ပတ်ဝန်းကျင်အနေအထားများ ဖန်တီးပေးခြင်းတို့ကိုပါ စဉ်းစားဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲမှာ ခရီးသွားလုပ်ငန်းနှင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်စွမ်းရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရလဒ်ကောင်းများပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်းနှင့် ဆွေးနွေးပြောကြားမည့် ပုဂ္ဂိုလ်များအနေဖြင့် ပြည့်ပြည့်စုံစုံ တင်ပြဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားပါသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးတို့က ခရီးသွားလုပ်ငန်းနှင့်တီထွင်ဖန်တီးမှုနှင့်ဆိုင်သော လုပ်ငန်းများ၏ သဘောသဘာဝများ၊ စွန့်ဦးတီထွင်မှုလုပ်ငန်းရှင်များနှင့် ဆန်းသစ်တီထွင်မှုများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ၎င်းတို့၏ ဒေသတွင်းစီးပွားရေးလုပ်ငန်းများအပေါ် အထောက်အကူပြုမှုများကို ဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E Mr. Harishchandra Ghimire အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲခြင်းဖြင့် နှစ်နိုင်ငံခရီးသွားဧည့်သည်များ အပြန်အလှန်တိုးမြင့်လည်ပတ်လာမည့်အခြေအနေနှင့် ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရဌာနအချင်းချင်း တွေ့ဆုံဆွေးနွေးရေးအစီအမံများ ထူထောင်ရေးအပြင် ပုဂ္ဂလိက ကဏ္ဍအချင်းချင်း ထိတွေ့ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား တူညီသော ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုများကို အခြေခံ၍ လုမ္ဗိနီ-ရန်ကုန် (သို့မဟုတ်) လုမ္ဗိနီ-မန္တလေး ညီအစ်မခရီးသွားမြို့တော် ထူထောင်ရေးကိစ္စရပ်များနှင့် ယခင်သဘောတူညီခဲ့သည့် မြန်မာ-နီပေါ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံခရီးသွားမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

(သတင်းစဉ်) Source From: Kyaemon

## တရုတ်ဘာသာစကားသင်တန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် မြန်မာ - ရုရှားနှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် အောက်တိုဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံပေကျင်းမြို့ အခြေစိုက် အာဆီယံ- တရုတ်ဗဟိုဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပပြုလုပ်သည့် တရုတ်ဘာသာစကားသင်တန်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲနှင့် မွန်းလွဲပိုင်းတွင် မြန်မာ- ရုရှားနှစ်နိုင်ငံ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန အနေဖြင့် ၂၀၁၁ ခုနှစ် မှစတင်ကာ အာဆီယံ-တရုတ် ဗဟိုဌာနနှင့် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုပွင့်လင်းရာသီမှစ၍ မြန်မာနိုင်ငံသို့ တရုတ်ဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရန် မျှော်လင့်ပါကြောင်း၊ တရုတ်နိုင်ငံ၏ ကူညီ ထောက်ပံ့မှုဖြင့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု မူဘောင်အရ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအဖြစ် ခရီးသွားလုပ်ငန်းသုတေသန စီမံကိန်းနှင့် မှန့်ဖုတ်အတတ်ပညာဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်း စီမံကိန်း များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံ-တရုတ်ဗဟိုဌာနမှ အထွေထွေအတွင်းရေးမှူးချုပ် H.E. Mr. Shi Zhongjun က အမှာစကားပြောကြားပြီး တရုတ်နိုင်ငံမှ ဘာသာရပ် ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဧည့်လမ်းညွှန်ဆိုင်ရာ ဝန်ဆောင်မှုစံနှုန်း များ၊ တရုတ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအလားအလာများ၊ သမားရိုးကျ နှင့် ဆန်းသစ်တီထွင်မှုရှိသော ခရီးသွားလုပ်ငန်းမြှင့်တင်ကြော်ငြာခြင်းနည်းလမ်း များကို ရှင်းလင်းပို့ချဆွေးနွေးခဲ့ကြပြီး သင်တန်းသားများကသိရှိလိုသည်များ ကို ဆွေးနွေးမေးမြန်းခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ-ရုရှား နှစ်နိုင်ငံခရီးသွား လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးပွဲ ကို ဝန်ကြီးဌာန နီလာခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

အစည်းအဝေးသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးသွားလုပ်ငန်းအေဂျင်စီ၊ နိုင်ငံ တကာပူးပေါင်းဆောင်ရွက်ရေးဌာနအကြီးအကဲ မစ္စတာဒီမြန်အိုစမီးလ်ယက်၊ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ မစ္စတာ အိဗ်ဂီနီဒီဂရီဂိုရိဖ်၊ ကော်မတီ၏ဒုတိယဥက္ကဋ္ဌမစ္စတာဗီယာချက်စ်လက်ဗ်ဂျီကာလ် ဂနော့ဗ်၊ စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌမစ်နာနာအမ်ဂဗီချီယာနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှား ဖက်ဒရေးရှင်းသံရုံးမှ စီးပွားရေးဆိုင်ရာ ကောင်စစ်ဝန် မစ္စတာ အန်ဒရီဗီအူနက်ခ်၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း နှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် စိန့်ပီတာစဘတ် အစိုးရအဖွဲ့ဝင်ပြည်ပ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၊ ခရီးသွားလုပ်ငန်း ဖက်ဒရယ်အေဂျင်စီ၏ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ အကြီးအကဲ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အစည်းအဝေးသို့ တက် ရောက်လာသောနှစ်နိုင်ငံမှကိုယ်စားလှယ်များက နှုတ်ခွန်းဆက်စကားပြောကြား ကြပြီး မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ပါဝင်သော ၅ မိနစ်စာ ဗီဒီယိုဖိုင်ကို ပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ရုရှားနိုင်ငံသား များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်စေရန် ရည်ရွယ်၍ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှစတင်ပြီး ရုရှားခရီးသွားများအတွက် ဗီဇာကင်းလွတ်ခွင့် တစ်နှစ် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြားလူမှုစီးပွား အကျိုးရလဒ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ မြန်မာ-ရုရှား ခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် စိန့်ပီတာစဘတ်မြို့၏ ခရီးစဉ်ဒေသများပါဝင်သော ဗီဒီယိုဖိုင် ကို ပြသပြီး စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မစ်နာနာအမ်ဂဗီချီယာက နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအခန်းကဏ္ဍမှ ပူးပေါင်းဆောင်ရွက်လို သည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စိန့်ပီတာစဘတ် အစိုးရဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်း မြို့တော် ခရီးသွားသတင်းအချက်အလက် ပြန်ကြားရေးဗျူရို၏ ညွှန်ကြားရေးမှူးချုပ် မစ္စတာအူရီဗီဘော်တာနော့ဗ်နှင့် စိန့်ပီတာစဘတ်ညီလာခံနှင့် ပြပွဲပြသခြင်းဆိုင် ရာ ဗျူရို၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ မစ္စတာဆာဂီလ်အက်စ်အာဇရမ်နော့ဗ် တို့က ခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ လွယ်ကူချောမွေ့စွာလည်ပတ် နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှု၊ ခရီးသွားပြပွဲများနှင့် အစည်းအဝေးများကျင်းပ ခြင်း ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ ဆွေးနွေးချက် များအပေါ် အမြင်ခြင်းဖလှယ်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင် စကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Myanmar Alin

## ကျေးလက်ဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းရေးဆွဲရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပ



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနနှင့် ကျန့်ကျိုးသိပ္ပံနှင့်နည်းပညာကောလိပ်တို့ ပူးပေါင်း၍ ဖွင့်လှစ်သော “ကျေးလက်ဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းရေးဆွဲရေး ဆိုင်ရာ ဆွေးနွေးပွဲ” ကို အောက်တိုဘာလ ၁၂ ရက်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက် ရောက် အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ ကျန့်ကျိုးအုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာဗျူရိုမှ ညွှန်ကြား ရေးမှူး ၊ ကျန့်ကျိုးခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန့်ကျိုး သိပ္ပံနှင့်နည်းပညာကောလိပ်မှ ဆရာ/ဆရာမ များ၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘာသာရပ်တာဝန်ခံများက Hybrid စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုဆွေးနွေးပွဲတွင် တရုတ်နိုင်ငံ ၏ ကျေးလက်ဒေသအရင်းအမြစ်များအား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက် ရှင်သန်ရေးအတွက် စီမံကိန်းရေးဆွဲအသုံးချခြင်းဆိုင်ရာ နည်းလမ်းများနှင့် အလားအလာများ၊ တရုတ်နိုင်ငံ၏ ကျေးလက်ဒေသနှင့် လယ်ယာစိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်နှင့်လိုက်လျောညီထွေရှိသော ပြုပြင်

ပြောင်းလဲမှုဆိုင်ရာများနှင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အတွေ့အကြုံများကို လေ့လာမှတ်သားကြရမည်ဟု သိရှိရသည်။

ယခုဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခရီးသွားများ၏ အလေ့အထများမှာ လူနေထူထပ်ပြီး မွန်းကြပ်သော မြို့ပြနေရာများသို့ သွားရောက်လည်ပတ်ခြင်းအစား ဝေးလံ၍ သဘာဝအရသာကို ခံစားနိုင်သော ကျေးလက်ဒေသများသို့ သွားရောက်လည်ပတ်သည့် ပုံစံသို့ ပြောင်းလဲလာသည်ကိုတွေ့ရှိရကြောင်း၊ ကျေးလက်ဒေသခရီးသွားလုပ်ငန်းသည် ဒေသတွင်းစီးပွားရေးနှင့် လူနေမှုဘဝပုံစံပြောင်းလဲခြင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မောင်းနှင်အားတစ်ခုဖြစ်ပြီး နိုင်ငံ၏ GDP နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်အတွက် အထောက်အပံ့တစ်ခုဖြစ်ကြောင်း၊ ဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ကြသော ကိုယ်စားလှယ်များအနေဖြင့် ယခုဆွေးနွေးပွဲမှ ကျေးလက်ဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းဗျူဟာများ၊ အတွေ့အကြုံကောင်းများနှင့် နည်းလမ်းများအား ဂရုတစိုက်လေ့လာမှတ်သားသွားကြရန်နှင့် မိမိတို့၏ အတွေ့အကြုံများနှင့် နှိုင်းယှဉ်ဖလှယ်ကာ ရလဒ်ကောင်းများ ဖော်ထုတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ကျန်းကျိုးအုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာဗျူရိုမှ အဆင့်မြင့်အရာရှိကြီးများက ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ဆက်လက်၍ ဆွေးနွေးပွဲသို့တက်ရောက်လာကြသော နိုင်ငံအလိုက်ကိုယ်စားလှယ်များက မိတ်ဆက်ရှင်းလင်းတင်ပြကြပြီး ကျန်းကျိုးသိပ္ပံနှင့်နည်းပညာကောလိပ်မှ ကျောင်းအုပ်ကြီးကဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ အွန်လိုင်းမှ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပါသည်။

ယခုဆွေးနွေးပွဲအား ၂၁ ရက်ကြာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဖွံ့ဖြိုးဆဲ ၁၀ နိုင်ငံမှ ကိုယ်စားလှယ် ၇၀ ခန့် တက်ရောက်ကြမည်ဖြစ်ကြောင်းသိရသည်။
(သတင်းစဉ်) Source From: Kyaemon

## နိုင်ငံတကာလေကြောင်းလိုင်းများကို ဖွင့်လှစ်ပေးခဲ့သဖြင့် နိုင်ငံပေါင်း ၇၉ နိုင်ငံမှ နိုင်ငံတကာခရီးသွားများ ဝင်ရောက်နေကြပြီဖြစ်




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် အောက်တိုဘာလ ၈ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ခုနှစ် ဧပြီ ၁၇ ရက် မှစတင်၍ နိုင်ငံတကာလေကြောင်းလိုင်းများကို ဖွင့်လှစ်ပေးခဲ့ပြီး e-business visa, e-tourist visa များကို ခွင့်ပြုပေးခဲ့သဖြင့် ယခုအခါ နိုင်ငံပေါင်း ၇၉ နိုင်ငံမှ နိုင်ငံတကာခရီးသွားများ ဝင်ရောက်နေကြပြီဖြစ်ကြောင်း၊ သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ မြန်မာနိုင်ငံဆိုင်ရာသံရုံးများတွင်လည်း e-visa ဖြင့် လျှောက်ထားနိုင်ရန် ခွင့်ပြုထားကြောင်း၊ နိုင်ငံတော်သို့ ပေးသွင်းရန်ရှိသည့် ငှားရမ်းခများနှင့် အခွန်အခများကို ပုံမှန်ပေးသွင်းကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ရုရှားနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင် ရှစ်နိုင်ငံသို့ ဗီဇာကင်းလွတ်ခွင့်ပြုထားကြောင်း၊ ယခုပွင့်လင်းရာသီမှ အစပြု၍ ခရီးသွားလုပ်ငန်းများ ပုံမှန်လည်ပတ်လာချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များအပြင် နိုင်ငံသားပိုင်ဟိုတယ်၊ တည်းခိုရိပ်သာများနှင့် ဆက်စပ်ခရီးသွားလုပ်ငန်းများပါအကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ထို့အတွက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များအားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များဘက်မှတာဝန်ရှိသူတစ်ဦးက တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းဖွင့်ပွဲအခမ်းအနားနှင့် ရုရှားဘာသာစကားသင်တန်းဆင်းပွဲ အခမ်းအနားကို တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာနစ်ကိုလေးလစ်တိုပါဒေါ့ဖ်နှင့် သံရုံးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ရုရှားဘာသာစကားဌာနမှ ပါမောက္ခ/ ဌာနမှူးများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ဆရာ/ဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံနှင့် နှစ်ကာလကြာရှည်စွာ ချစ်ကြည်ရင်းနှီးမှုရှိပြီး ယခုအခမ်းအနား ကျင်းပသည့် အင်းလျားလိတ်ဟိုတယ်၊ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံနှင့် ရန်ကုန် စက်မှုတက္ကသိုလ်တို့ကိုလည်း ၁၉၆၂ ခုနှစ်တွင် ရုရှားနိုင်ငံ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အင်းလျားလိတ် ဟိုတယ်သည် ရုရှား-မြန်မာချစ်ကြည်ရေးအတွက် သမိုင်းအမွေအနှစ်တစ်ခုဖြစ်ကြောင်း လက်ရှိတွင်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဖြင့် ပိုမိုပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံချစ်ကြည်မှုနှင့်အတူ ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက ရုရှားနှင့်မြန်မာသည် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို တည်ဆောက်ထားပြီး လာမည့်နှစ်တွင် ၇၅ နှစ်မြောက် စိန်ရတုနှစ်ဖြစ်ကြောင်း၊ ခရီးသွားလာရေးလုပ်ငန်းတွင်လည်း နှစ်နိုင်ငံမြှင့်တင်ရေးဆတက်ထမ်းပိုးဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ မကြာမီကာလတွင် ရုရှားနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံ၏ အထင်ကရနေရာများကို လာရောက်ကြမည်ဖြစ်ကြောင်း၊ လာရောက်ကြသည့် အခါတွင်လည်း မြန်မာနိုင်ငံကို အထူးကြိုက်နှစ်သက်ကြမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်း၌ ထူးချွန်ဆုရရှိခဲ့သူများကို ဆုများ ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက သင်တန်းသား ကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။
(သတင်းစဉ်) Source From: Kyemon

## သုတေသနဆိုင်ရာအခြေခံ (Basic) နှင့် အထူးကြပ်မတ် (Intensive) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) အထောက်အပံ့ အစီအစဉ်အရ ခရီးသွားလုပ်ငန်းသုတေသနစင်တာ တည်ထောင်ခြင်း စီမံကိန်း (Establishment of Tourism Research Center) အောင်မြင်စွာ

အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်သော သုတေသန ဆိုင်ရာအခြေခံ(Basic)နှင့် အထူးကြပ်မတ်(Intensive)သင်တန်းဖွင့်ပွဲ အခမ်း အနားကို အောက်တိုဘာလ ၄ ရက်နေ့ မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။




ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းဇယားများ အားကောင်းခိုင်မာစေရေး၊ မူဝါဒများ၊ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားကောင်းသော ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များ တိကျမှန်ကန်မှု ရှိစေရေးမှာ အရေးကြီးသော အခန်းကဏ္ဍတစ်ခုဖြစ်သောကြောင့် ယင်း သုတေသနသင်တန်းကို ဖွင့်လှစ်သင်ကြားရခြင်းဖြစ်ပြီး သင်တန်းဖွင့်ပွဲအခမ်း အနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က သုတေသန ဆောင် ရွက်ရာတွင် ကိန်းဂဏန်းအချက်အလက်များ ကောက်ယူမှုပေါ်မူတည်ပြီး သုတေသန၏ ဆောင်ရွက်ချက်များကို ပေါ်လွင်အောင်ဖော်ထုတ်နိုင်မည် ဖြစ်သည့်အတွက် Data များကို သေချာစွာကောက်ယူရမည်ဖြစ်ကာ စနစ် တကျ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ ဈေးကွက်၏ သဘောသဘာဝကို နားလည်ပြီး လက်တွေ့ကျသော ရည်မှန်းချက်များ ချမှတ်၍ အကျိုးရှိသော ဈေးကွက်ဆိုင်ရာ နည်းဗျူဟာများ ဖော်ထုတ်နိုင်ရန် နှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းပြီး လုပ်ငန်းအသစ်များ ချဲ့ထွင်ဖော်ထုတ်နိုင်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်စတင်ပြေးဆွဲပြီးနောက် ဝင်ရောက်လာသော နိုင်ငံတကာခရီးသွား ဧည့်သည်များ၏ အချက်အလက်များကို စာရင်းကောက်ယူ၍ သုတေသန ပြုလုပ်ခြင်းဖြင့် ဈေးကွက်အနေအထားကို ခန့်မှန်းနိုင်မည်ဖြစ်ပါကြောင်း၊ သုတေသနသင်တန်းများတွင် သင်ယူကြမည့် သင်တန်းသားများအနေဖြင့် လည်း သင်တန်းတွင် သင်ကြားပို့ချခဲ့မှုများကို သေချာစွာလေ့လာမှတ်သား ပြီး လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးချနိုင်အောင် ဖြန့်ဝေပေးကာ ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်ပြီး ခရီးသွားလုပ်ငန်းဆိုင်ရာသုတေသနစင်တာမှ စီမံကိန်း အဖွဲ့ခေါင်းဆောင် ကျွမ်းကျင်ပညာရှင် ဦးအောင်မင်းက သင်တန်းနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

အဆိုပါ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံသင်တန်းကို အောက်တိုဘာ ၄ ရက်မှ ၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အထူးကြပ်မတ်သင်တန်း ကို အောက်တိုဘာ ၁၁ ရက်မှ ၂၈ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကာ သင်တန်းတွင် စာရင်းဇယားကောက်ခံပြုစုမှု များကို Quantitative and Qualitative Research Method သရုပ်ခွဲခြင်း ပညာရပ်များကို အခြေခံ၍ ဆောင်ရွက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ သုတေသန ဆောင်ရွက်မည့် ပုံစံဒီဇိုင်းတည်ဆောက်ခြင်း၊ Data များ ကောက်ယူပုံနှင့် စစ်တမ်းမေးခွန်းလွှာများ ပြင်ဆင်ခြင်း၊ သုတေသနဆိုင်ရာ ကျင့်ဝတ်များနှင့် အွန်လိုင်း/ ကွင်းဆင်းဆောင်ရွက်ခြင်းဆိုင်ရာ လိုက်နာသင့်သည်များကို Software များ အသုံးပြု၍ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံသင်တန်းကို ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မန္တလာတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (ရန်ကုန်)မှ နည်းပြများ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှကိုယ်စားလှယ် စုစုပေါင်း သင်တန်းသား ၇၀ ကျော်ကို Hybrid စနစ်ဖြင့် ဖွင့်လှစ်သင်ကြားပေးသွား မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Kyemon

## ၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်း (ဗဟိုဌာန-၂)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ နိုင်ငံများ၌ တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် သွားလာလည်ပတ်နိုင်ရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်စေရန် ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၄၆ ခုနှစ်က စတင်ဖွဲ့စည်းထားခဲ့ပါကြောင်း၊ ယနေ့ အချိန်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ က အဖွဲ့ဝင်နိုင်ငံ များအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်သည် ခရီးသွားလုပ်ငန်းနယ်ပယ်၏ ဦးဆောင်အဖွဲ့အစည်းတစ်ခု ဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းကို စီးပွားရေးတိုးတက်ရန် မောင်းနှင်အား တစ်ရပ်အဖြစ် မြှင့်တင်ရေး၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို အားပေးဆောင်ရွက်လျက်ရှိသည့်အပြင် ခရီး သွားလုပ်ငန်းဆိုင်ရာ မူဝါဒများနှင့် အသိပညာများတိုးတက်ပြန့်ပွားရေး လုပ်ငန်းစဉ်များကိုလည်း ဦးဆောင်ထောက်ပံ့ကူညီပေးလျက်ရှိသည်ကို တွေ့မြင် ရပါကြောင်း။

ယခုနှစ်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားကို အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိပြီး အထိမ်းအမှတ်ဆောင်ပုဒ်မှာ "ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့" "Rethinking Tourism" ဖြစ်ပါကြောင်း၊ ပြီးခဲ့ သည့်နှစ်များက ကမ္ဘာတစ်ဝန်းရင်ဆိုင်ခဲ့ရသည့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကို ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများသည် အခက်အခဲ များစွာ ရင်ဆိုင်ခဲ့ရပါကြောင်း၊ ထိုသို့သောအခြေအနေတွင် ခရီးသွားလုပ်ငန်းကို

ပြန်လည်တွေးတောသုံးသပ်ခြင်း (Rethink)၊ ပြန်လည်ဆောင်ရွက်ခြင်း (React)၊ ပိုမိုခံနိုင်ရည်ရှိစေခြင်း (Resilient) တို့ကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။




ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်အဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်မှစပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုပါက (၁၁) ကြိမ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း ယခုနှစ်အတွက်သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းများ ပြန်လည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အဟန့်အတားများကို ထည့်သွင်းစဉ်းစားပြီး ချမှတ်ထားခဲ့သည့် ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြန်လည်ကြံဆဖော်ထုတ်ကြရမည်ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုများ ရပ်တန့်လုနီးပါးဖြစ်ခဲ့ပြီး ဆက်စပ်စီးပွားရေး လုပ်ငန်းများနှင့်ခရီးသွားလုပ်ငန်းကို မှီခိုရပ်တည်နေရသည့် အများပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း များစွာထိခိုက်ဆုံးရှုံးစေခဲ့ပါကြောင်း၊ သက်ဆိုင်ရာအစိုးရများအနေဖြင့် ကိုဗစ်-၁၉ ကာလအတွင်းမှာ ကပ်ရောဂါကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းစဉ်များအပြင် ခရီးသွားလုပ်ငန်းများ ရပ်တည်ရှင်သန်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်လုပ်ထုံးလုပ်နည်းများနှင့်အညီ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားချိန်မှစပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီးပွားရေးကုစားမှုစီမံကိန်း (COVID-19 Economic Relief Plan) အရ နိုင်ငံတော်ဘဏ္ဍာငွေ၏ ၃ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းအထိ သုံးစွဲရန် သတ်မှတ်ထားခဲ့ရာ ယနေ့အထိ ခရီးသွားကုမ္ပဏီ ၂၄၄ ခု၊ ဟိုတယ်နှင့် တည်းခိုရိပ်သာ ၃၃၉ ခုတို့ကို ကျပ် ၂၁ ဒသမ ၄ ဘီလီယံ ထုတ်ချေးခဲ့ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံပိုင် ငှားရမ်းဟိုတယ်များအတွက် ငှားရမ်းခများကို ၆ လ ရွှေ့ဆိုင်းပေးခြင်းအပြင်၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအထိ ၂၁ လကို ငှားရမ်းခ ၅၀ ရာခိုင်နှုန်း လျှော့ချပေးခြင်း၊ ဟိုတယ်၊ မိုတယ်၊ ခရီးလှည့်လည်ရေးလုပ်ငန်းများနှင့် ဧည့်လမ်းညွှန်များ၏ လုပ်ငန်းလိုင်စင်ကြေးများကို တစ်နှစ်စာ ကင်းလွတ်ခွင့်ပြုခြင်းများ ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ထို့ပြင် ပြည်တွင်း/ပြည်ပခရီးသွားလုပ်ငန်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဦးစားပေးတစ်ရပ်အဖြစ် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူများကို နိုင်ငံတော်၏ ကိုဗစ်-၁၉ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်များတွင် ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ပေးလျက်ရှိပြီးနိုင်ငံတစ်ဝန်းခရီးသွားကဏ္ဍ၌ ပါဝင်လုပ်ကိုင်သူဦးရေ ၃ သိန်းခန့်ကို ကာကွယ်ဆေးထိုးနှံပေးခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ကပ်ရောဂါကြောင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရန် အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကာလတို၊ ကာလလတ်၊ ကာလရှည်ပန်းတိုင်များ အောင်မြင်စေရန်အတွက် မဟာဗျူဟာ ၁၈ ခု၊ အသေးစိတ် စီမံချက် ၉၃ ခု ပါဝင်သည့် “မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းပြန်လည်ဦးမော့လာစေရေး မဟာဗျူဟာလမ်းပြမြေပုံ (၂၀၂၁-၂၀၂၅)” ကို ရေးဆွဲ၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအခါ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ပွားမှုများကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် မိမိတို့ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၀၀ ကျော်သည် ခရီးသွားလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်ဟု သိရှိရပါကြောင်း၊ ယခုကဲ့သို့ ပြန်လည်ဖွင့်လှစ်သည့်နေရာတွင် ခရီးသွားဧည့်သည်များ၏ ပြည်ဝင်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများမှာ နိုင်ငံတစ်ခုနှင့်တစ်ခုကွဲပြားမှုများရှိနေသေးသည်ကိုတွေ့မြင်ကြရမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖွင့်လှစ်ပေးခဲ့သည့်အတွက် ကမ္ဘာအနှံ့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ ကမ္ဘာလှည့်ခရီးသည် သန်း ၂၅၀ ကျော် လှည့်လည်ဝင်ရောက်ခဲ့ပြီး ယမန်နှစ်က အလားတူကာလတွင် (၇၇) သန်း ရှိခဲ့သည့်အတွက် ယခုနှစ်တွင် ၁၇၃ သန်းခန့် ပိုမိုဝင်ရောက်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၏ စာရင်းဇယားများအရ သိရပါကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၂၂၅ ရာခိုင်နှုန်းမျှ ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှစပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ပြန့်ပွားမှု အခြေအနေလျော့နည်းလာသည်နှင့်အမျှ ပြည်တွင်း ခရီးသွားလာမှုများ စတင်တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့မှ စတင်ပြီး နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ခွင့်ပြုပေးခဲ့ရာတွင် ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်မည့် အလားအလာကောင်းများကို တွေ့မြင်ခဲ့ရသည့်အတွက် ကမ္ဘာလှည့် e-Visa ကို ၂၀၂၂ ခုနှစ်၊ မေ ၂၀ ရက်က စတင်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်တွင်း/ပြည်ပ ခရီးသွားလာမှုများတစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်နေရပြီးလာမည့် ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံအတွင်း ပြည်တွင်း/ ပြည်ပ ခရီးသွားလာမှုပိုမိုတိုးတက်လာရန် မျှော်မှန်းပြီးလိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ ပြည်ပဧည့်သည်များနည်းတူ ပြည်တွင်းမှ မိမိတို့နိုင်ငံသားများကိုလည်း စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် ခရီးသွားလည်ပတ်နိုင်ရန်အတွက် ပြည်တွင်းခရီးသွားလုပ်ငန်းများကိုလည်း ပြည့်စုံအောင် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

ခရီးသွားလုပ်ငန်း၏ သဘောသဘာဝအရ လုပ်ငန်းနယ်ပယ်ပေါင်းစုံတွင် အကျိုးဖြစ်ထွန်းစေပါကြောင်း၊ မြို့ပြနှင့် ကျေးလက်ဒေသများတွင်ရှိသည့် အမျိုးသမီးများ၊ လူငယ်များနှင့် ကျေးလက်နေပြည်သူများကို အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေနိုင်သည့်အပြင် မိမိတို့တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအရင်းအမြစ်များနှင့် အလှအပများကို ဖွင့်လှစ်ပြသနိုင်သည့် အခွင့်အလမ်းများလည်း ရရှိစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍကို ပိုမိုကောင်းမွန်စေရေး စီမံခန့်ခွဲပေးနိုင်ရန်အတွက် တာဝန်သိပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ပေးနိုင်ရန်အတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများအတူတကွပူးပေါင်းလုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း။

အားလုံးသိရှိကြသည့်အတိုင်း မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ပါကြောင်း၊ တောင်ပေါ်၊ မြေပြန့်၊ ကမ်းရိုးတန်း၊ မြစ်ဝှမ်း၊ ပင်လယ်ကမ်းခြေများ စသည့်မတူကွဲပြားထူးခြားလှပသည့် သဘာဝရှုခင်းများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ အရောင်အသွေးစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့များနှင့် လူနေမှုဘဝပုံစံများသည် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သည့်အရာများ ဖြစ်ကြပါကြောင်း။

တစ်ချိန်တည်းတွင် ခရီးသွားလုပ်ငန်းအနေဖြင့် တည်းခိုနေထိုင်ရေးနှင့် ညှော်ဝတ်ကျေပွန်ရေး ကဏ္ဍအပြင် ကျန်းမာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လမ်းတံတားကဏ္ဍ၊ စည်ပင်သာယာလုပငန်းကဏ္ဍ၊ မြို့ပြနဲ့ကျေးလက်ဒေသဖွံ့ဖြိုးရေးကဏ္ဍ၊ အသေးစားအလတ်စား စီးပွားရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍစသည့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ချိတ်ဆက်ဖန်တီးပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် တန်းတူညီမျှပြီး အားလုံးပါဝင်ဆောင်ရွက်နိုင်ရန်အထောက်အကူပြုသည့် လုပ်ငန်းတစ်ရပ်လည်း ဖြစ်သည်ဟုဆိုနိုင်ပါကြောင်း၊အဆိုပါ လုပ်ငန်းများကိုစနစ်တကျ စုပေါင်း ဆောင်ရွက်ခြင်းဖြင့် တီထွင်ဖန်တီးမှုအခြေပြုသည့် စီးပွားရေးပုံစံတစ်ရပ်ကို ဖော်ဆောင်နိုင်မည့်အလားအလာများကိုတွေ့မြင်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပြည်တွင်းခရီးသွားလုပ်ငန်း များ တိုးတက်လာမည်ဆိုပါက နိုင်ငံ၏စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများသည် များစွာ ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးမှ ကဏ္ဍ အသီးသီးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းပြန်လည်စတင်ရာတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆောင်ရွက်မှုများ၊ ကာဗွန်ထုတ်လုပ်မှု လျှော့ချ ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက် ရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် အင်တာနက်အခြေခံ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုရေးစသည့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက် များကိုလည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ဝင်နိုင်ငံများနှင့် အတူပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

အထူးသဖြင့် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြသည့် ခရီးသွား ဧည့်သည်များ စိတ်အေးချမ်းသာစွာဖြင့် သွားလာလည်ပတ်နိုင်ရန်၊ ခရီးသွား များအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို ဒစ်ဂျစ်တယ် နည်းပညာဖြင့် ပြည့်ပြည့်စုံစုံနှင့် လွယ်ကူလျင်မြန်စွာ ရရှိနိုင်အောင်စီစဉ်ပေး ရန်၊ ခရီးသွားဧည့်သည်များ၏ ပြည်ဝင်၊ ပြည်ထွက်ခွင့် လုပ်ထုံးလုပ်နည်းများ နှင့် ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက်များကိုလည်း လွယ်ကူရှင်းလင်းစေရန် အတွက် ဆက်စပ်ဝန်ကြီးဌာနများ အားလုံးကဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက် သွားကြရမည်ဖြစ်ပါကြောင်း။

အဆိုပါ လုပ်ငန်းစဉ်များ အားလုံးကိုလည်း လိုအပ်ရင်လိုအပ်သကဲ့သို့ ပြန်လည်ပြုပြင်ဖန်တီးဖော်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက် ခြင်းဖြင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းသည်လည်း အခြားနိုင်ငံများနည်းတူ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

“ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့” ဆိုသည့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်ဆောင်ပုဒ်အတိုင်း မြန်မာနိုင်ငံ ၏ ခရီးသွားလုပ်ငန်းရေရှည်တည်တံ့ပြီး ကြံ့ကြံ့ခံနိုင်ရန်အတွက် ပြန်လည် ကြံဆမည့် လုပ်ငန်းစဉ်များတွင် မိမိတို့အားလုံးတက်ညီလက်ညီ ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက်ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ်၏ သတင်းစကားရုပ်သံဗီဒီယိုကို ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး စွန့်ဦးတီထွင်မှုပြိုင်ပွဲ (Myanmar Innovative Tourism Startup Competition) တွင် ပထမဆု ရရှိသည့် ဦးကျော်မြတ်သူ၊ ဒုတိယဆုရရှိသည့် ဒေါ်ပိုးသီရိထွန်း၊ တတိယဆု ရရှိသည့် ဒေါ်နီလာ၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဦးမြင့်သန်း၊ ဒုတိယဆုရရှိသည့် ဦးမောင်ရ(ခ)ဦးစိုးလွင်၊ တတိယဆုရရှိသည့် ဦးစည်သူ အောင် တို့အား ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဆောင်းပါးပြိုင်ပွဲ တွင် ပထမဆုရရှိသည့် ဒေါ်ဆုရည်ထွန်း၊ ဒုတိယဆုရရှိသည့် ဒေါ်ခင်သူဇာ ဝင်း၊ တတိယဆုရရှိသည့် ဒေါ်သီတာအောင်၊ နှစ်သိမ့်ဆုရရှိသည့် ဒေါ်ခိုင်ရတနာ ထိန်ထိန်အောင်၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဦးအောင် ကောင်းမြတ်၊ ဒုတိယဆုရရှိသည့် ဒေါ်သီရိမြတ်နိုး၊ တတိယဆုရရှိသည့် ဒေါ်ခိုင်ရွှေစင်ဝင်း၊ နှစ်သိမ့်ဆုရရှိသည့် ဒေါ်ရွှေရည်လျှံမွန် တို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် တက္ကသိုလ် အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည်ဆုရရှိသူများနှင့်အတူ အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသအလိုက် ပြခန်းများ၊ မြန်မာ နိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ပြသထားသည့် ပြခန်းများနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

(သတင်းစဉ်) Source From: Myanma Alinn

## Ural Airlines ၏ On-Board မဂ္ဂဇင်းများတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်း ထည့်သွင်းရေးဆွေးနွေး

မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေးအတွက် ရုရှားခရီးသွား ဧည့်သည်များအား ဗီဇာကင်းလွတ်ခွင့်ပြုပေးထားခဲ့ရာ ရုရှားခရီးသွားဈေးကွက် မြန်မာနိုင်ငံတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးကို အထောက်အကူပြုနိုင်စေရန် အတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် စက်တင်ဘာလ ၁၅ ရက်နေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ video conferencing စနစ်ဖြင့် ရုရှားနိုင်ငံ အခြေစိုက် Ural Airlines Magazine မှ အယ်ဒီတာချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံသည်။




ထိုသို့ တွေ့ဆုံစဉ် ရုရှားနိုင်ငံတွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင် ရေးအတွက် ရေရှည်ဆက်လက်ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များနှင့် သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးမေးမြန်းကာ Ural Airlines ၏ On-Board မဂ္ဂဇင်းများတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသ များအကြောင်း ထည့်သွင်းရေးနှင့် Ural Airlines Magazine အဖွဲ့အတွက် မြန်မာနိုင်ငံသို့ မီဒီယာခရီးစဉ်များ ဖိတ်ခေါ်ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများပါဝင်တက်ရောက်ခဲ့ပြီး Ural Airlines Magazine မှ အယ်ဒီတာချုပ်၊ အရောင်းမြှင့်တင်ရေးတာဝန်ခံနှင့် လေယာဉ်ခရီးစဉ်ဆိုင်ရာ ဈေးကွက်မြှင့်တင်ရေးတာဝန်ခံတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Myanma Alinn

## နေပြည်တော်သို့ ထိုင်းရုပ်သံမီဒီယာအဖွဲ့များလာရောက်၍ ရိုက်ကူးခဲ့သော မှတ်တမ်းတင်ဗီဒီယို “The Exclusive” Travel Note Show အား ထိုင်းရုပ်သံ Channel တွင် ထုတ်လွှင့်ပြသ




ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေသော လုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော ဆင့်ပွားအကျိုးသက်ရောက်မှုများ ရရှိနိုင်သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပသတင်းမီဒီယာများ၌ မြန်မာနိုင်ငံ၏ ခရီးသွားဆွဲဆောင်မှုနေရာများကို ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ မှန်ကန်သော သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်း၊ မြန်မာနိုင်ငံ၏ ကောင်းမွန်သောပုံရိပ်ကို မြှင့်တင်ခြင်းလုပ်ငန်းများကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအားမြှင့်တင်ရန်နှင့် မြန်မာနိုင်ငံသို့ ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ Sai Swe Co.,Ltd, ထိုင်းနိုင်ငံရှိ Best International Travels and Agency နှင့် ထိုင်းရုပ်သံ Channel များမှ ကိုယ်စားလှယ်များသည် ဇူလိုင်လ ၃၁ ရက်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာဌေးအောင်နှင့်တွေ့ဆုံခဲ့ပြီး ရန်ကုန်မြို့နှင့် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်ကာ မှတ်တမ်းတင်ဗီဒီယိုများ ရိုက်ကူးခဲ့ကာ ထိုင်းနိုင်ငံရှိ ရုပ်သံ Channel တစ်ခုဖြစ်သော Channel 5 ရုပ်သံလိုင်းတွင် အပတ်စဉ်စနေနေ့ည ၉ နာရီတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

ထိုင်းနိုင်ငံမှ မီဒီယာကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီးဒေါက်တာဌေးအောင်နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းဖြစ်ပေါ်တိုးတက်မှု၊ ခရီးသွားဧည့်သည်များအားဖိတ်ခေါ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုကို မေးမြန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်အလွန်ကာလများတွင် ခရီးသွားလုပ်ငန်းများ တစ်ဖြည်းဖြည်းပြန်လည်ကောင်းမွန်လာစေရေးအတွက် တစ်ဦးကိုတစ်ဦးကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် ထိုင်းနိုင်ငံမှခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြရေးပြောကြားခဲ့သည်။

ထိုင်းနိုင်ငံရှိ Best International Travels and Agency အနေဖြင့် ယင်းခရီးစဉ်သည် အထူးခရီးစဉ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအကြောင်း ပထမဆုံးအကြိမ်ရိုက်ကူးထုတ်လွှင့်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ ခရီးစဉ်မှတ်တမ်းတင်ဗီဒီယို “The Exclusive” Travel Note Show ကို ထိုင်းနိုင်ငံ Channel 5 ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသလျက်ရှိကာ ဆက်လက်၍လည်း မန္တလေးမြို့နှင့် ပုဂံမြို့များသို့ သွားရောက်ကာ ခရီးသွားဆွဲဆောင်မှုနေရာများကို ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Myanma Alinn

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့၌ ကျင်းပသော (၁၆) ကြိမ်မြောက် ဟိုချီမင်း နိုင်ငံတကာခရီးသွားပြပွဲနှင့် အဆင့်မြင့်ဖိုရမ်သို့ တက်ရောက်




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်မြှင့်တင်ရေးအတွက် နိုင်ငံတကာနှင့် ဒေသတွင်းအဆင့် ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာခရီးသွားပြပွဲများတွင်ပါဝင်၍ မြန်မာနိုင်ငံ၏ ပုံရိပ်နှင့်ခရီးစဉ်ဒေသများမြှင့်တင်ကြော်ငြာခြင်းလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့၌ စက်တင်ဘာလ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်သော (၁၆) ကြိမ်မြောက် ဟိုချီမင်းနိုင်ငံတကာခရီးသွားပြပွဲနှင့် အဆင့်မြင့်ဖိုရမ်သို့ ပါဝင်တက်ရောက်သည်။

အဆိုပါခရီးသွားပြပွဲကို “Growth Forward Together” ခေါင်းစဉ်နှင့်အတူ ခရီးသွားလုပ်ငန်းဆိုင်ရာ အဆင့်မြင့်ဖိုရမ်ကို ပူးတွဲကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်းတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် ကိုဗစ်-၁၉ ကာလအတွင်း “စီးပွားရေး-အပန်းဖြေခရီးသွားလုပ်ငန်းအလားအလာများကို ဟိုချီမင်းမြို့နှင့် ဗီယက်နမ်နိုင်ငံတွင်မြှင့်တင်ဖော်ထုတ်ခြင်း” အခမ်းအနားသို့ ပါဝင်တက်ရောက်သည်။ “စီးပွားရေးအပန်းဖြေခရီးသွားလုပ်ငန်း” သည် အပန်းဖြေခရီးသွားစဉ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ပူးတွဲဆောင်ရွက်ခြင်းဖြစ်ပြီး ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် အချိန်နှင့်ကုန်ကျစရိတ်များကို ချွေတာနိုင်ပြီး လုပ်ငန်းခွင်နှင့် နေ့စဉ်လူမှုဘဝမျှတနိုင်စေသဖြင့် ကိုဗစ်-၁၉ ကာလအတွင်း အဆိုပါခရီးသွားလာမှုပုံစံသစ်များ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်ပါကြောင်း၊ အဆိုပါခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှု၊ သဘာဝအရင်းအမြစ်၊ ဆန်းသစ်သော လူနေမှုအတွေ့အကြုံများသည် အထောက်အကူဖြစ်စေပါကြောင်း၊ ထို့အပြင် တည်းခိုနေထိုင်ရေးကဏ္ဍတွင်လည်း အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများပေးစွမ်းနိုင်ခြင်းသည်လည်း အဆိုပါ ခရီးသွားလုပ်ငန်းအတွက်များစွာ အရေးကြီးသော သွင်းအားစုတစ်ခုဖြစ်ပါကြောင်း၊ လေဆိပ်များနှင့် လေကြောင်းသယ်ယူပို့ဆောင်ရေး

ကဏ္ဍများမှလည်း ခရီးသွားဧည့်သည်များအတွက် ဘေးကင်းလုံခြုံပြီးလျင်မြန်ချောမွေ့သော ခရီးစဉ်များကို ဖန်တီးပေးနိုင်ရန်လည်း လိုအပ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ဟိုချီးမင်းမြို့နှင့် ဗီယက်နမ်နိုင်ငံတွင် စီးပွားရေး-အပန်းဖြေခရီးသွားဧည့်သည် (၁ ဒသမ ၇) သန်း ရရှိရေး မျှော်မှန်းချက်အရ ဟိုတယ်၊ ခရီးသွားကဏ္ဍနှင့် လေကြောင်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို သက်ဆိုင်ရာ အစိုးရ-ပုဂ္ဂလိကကိုယ်စားလှယ်များက ဆွေးနွေးပြောကြားသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံတွင် စီးပွားရေး-အပန်းဖြေခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် အိမ်ရာစီမံကိန်းရေးဆွဲဖော်ဆောင်နေမှုကို လေ့လာကြည့်ရှုပြီး သက်ဆိုင်ရာစီမံကိန်းတာဝန်ခံများက ရှင်းလင်းတင်ပြချက်များအပေါ် သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ညနေပိုင်းတွင် တက်ရောက်လာသည့် ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ပြည်တွင်းပြည်ပ ခရီးစဉ်ဝယ်ယူသူများအတွက် ဗီယက်နမ်နိုင်ငံက တည်ခင်းဧည့်ခံသည့် "ဗီယက်နမ်ည" ညစာစားပွဲ အခမ်းအနားကို ဟိုချီမင်းမြို့ရှိ GEM စင်တာတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ပါဝင်တက်ရောက်သည်။ အဆိုပါ အခမ်းအနားသို့ တက်ရောက်လာသည့် လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် ဗီယက်နမ် ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ခရီးစဉ်ဝယ်ယူသူများကိုဟိုချီမင်းပြည်သူ့ကော်မတီ ဥက္ကဋ္ဌ မစ္စတာဖန်မိုင်က ကြိုဆိုအဖွင့်အမှာစကားပြောကြားပြီး ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များကို ဗီယက်နမ်နိုင်ငံက နိုင်ငံဖြစ်တည်လာမှုသမိုင်းကြောင်းများနှင့် ရိုးရာယဉ်ကျေးမှုများကို သရုပ်ဖော်ကပြဖျော်ဖြေ တင်ဆက်ခဲ့သည်။

စက်တင်ဘာလ ၈ ရက်နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဟိုချီမင်းမြို့ရှိ ဆိုင်းဂုံပြခန်းနှင့် ကွန်ဗင်းရှင်းစင်တာတွင် (၁၆)ကြိမ်မြောက် ဟိုချီမင်းနိုင်ငံတကာခရီးသွားပြပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပြည်တွင်း/ပြည်ပပြခန်းများ ပါဝင်ပြသနေမှုကို လိုက်လံကြည့်ရှုသည်။ ထို့နောက် ဖိုရမ်သို့ တက်ရောက်လာသည့် ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာစီးပွားရေးလုပ်ငန်းများမှ "နိုင်ငံတကာခရီးသွားလုပ်ငန်းများ ပြန်လည်ထူထောင်မှုအဖြေရှာရေးနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရေး" အဆင့်မြင့်ဖိုရမ်ကို ဆက်လက်ကျင်းပသည်။ အဆိုပါ ဖိုရမ်တွင် ကိုဗစ်-၁၉ ကာလအတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်း၍ တက်ရောက်လာသည့် ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်များမှ သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် မိုက်(စ်) ခရီးသွားလုပ်ငန်းဖြစ်သည့် Meeting၊ Incentive၊ Convention၊ Exhibitionများဖြင့် ခရီးသွားလုပ်ငန်းများ ပိုမိုကောင်းမွန်စေရေး အထူးပြုဆောင်ရွက်ရန် လိုအပ်သည်များကို မျှဝေခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါခရီးသွားပြပွဲတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းမှ မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်း ခင်းကျင်းပြသနေမှုများနှင့် ပြည်တွင်းပြည်ပမှ စိတ်ပါဝင်စားသူများ မြန်မာပြခန်းသို့ လာရောက်လေ့လာကြည့်ရှုနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၈ နေ့ မွန်းလွဲပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံနှင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ မြှင့်တင်ရေးအတွက် ခရီးသွားလုပ်ငန်းဝန်ကြီးဒေါက်တာသွန်ခွန်းနှင့် ကိုယ်စားလှယ်အဖွဲ့ကို ဟိုချီမင်းမြို့ရှိ နေဆန်းဟိုတယ်တွင် လက်ခံတွေ့ဆုံသည်။ တွေ့ဆုံစဉ် ကမ္ဘောဒီးယား-မြန်မာ နှစ်နိုင်ငံအပြန်အလှန် လေ့လာရေးအဖွဲ့(FAM Trip) များ စေလွှတ်ခြင်း၊ နှစ်နိုင်ငံခရီးသွားမြှင့်တင်ရေးအမှတ်တံဆိပ် ဖော်ဆောင်ခြင်းနှင့် ၂၀၂၃ ခုနှစ်၊ မတ်လတွင် ဂျာမဏီနိုင်ငံ၌ ကျင်းပမည့် ITB Berlin ခရီးသွားပြပွဲတွင် မြန်မာ-ကမ္ဘောဒီးယားနှစ်နိုင်ငံ ပူးပေါင်းကာ နှစ်နိုင်ငံခရီးစဉ်ဒေသတစ်ခုအဖြစ် ခရီးသွားပြခန်း ဖွင့်လှစ်ပြသရေးကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် ညနေပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံမှ ခရီးသွားပြပွဲသို့ တက်ရောက်လာသော ကိုယ်စားလှယ်များအတွက် တည်ခင်းဧည့်ခံသော "ကမ္ဘောဒီးယားည" အခမ်းအနားကို ဟိုချီးမင်းမြို့ ရှိရက်(စ်)ဟိုတယ်တွင် ကျင်းပရာ အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့တို့မှတက်ရောက်ခဲ့သည်။

အဆိုပါ (၁၆)ကြိမ်မြောက် ဟိုချီမင်းနိုင်ငံတကာခရီးသွားပြပွဲနှင့် အဆင့်မြင့်ဝန်ကြီးများဖိုရမ်သို့ နိုင်ငံပေါင်း (၂၅) နိုင်ငံမှ ပြည်တွင်း/ပြည်ပ ပြခန်း (၂၆၀) ပါဝင်ပြသခဲ့ပြီး အစိုးရ-ပုဂ္ဂလိက ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများ၊ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ထုတ်ကုန်နှင့် ခရီးစဉ်ရောင်းချသူ/ ဝယ်ယူသူများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Myanmar Alinn

## ယူနန်ပြည်နယ် တယ်ဟုန်းပြည်နယ်ခွဲနှင့် မြန်မာနိုင်ငံအကြား ခရီးသွားလာရေးလုပ်ငန်းများပြန်လည် လည်ပတ်နိုင်ရေးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေး

တရုတ်နိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်းပြည်နယ်ခွဲနှင့် မြန်မာနိုင်ငံအကြား ရှိရင်းစွဲ ခရီးသွားလာရေးလုပ်ငန်းများပြန်လည် လည်ပတ်နိုင်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်းပြီး စက်တင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဌေးအောင်နှင့် တယ်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း(နေပြည်တော်) မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးတို့ နေပြည်တော် ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးပွဲတော်များဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများ ပူးပေါင်းဖွင့်လှစ်ရေး၊ ယူနန်ပြည်နယ် မန်စီမှ မန္တလေးနှင့် ရန်ကုန်သို့ ပျံသန်းခဲ့သည့် စင်းလုံးငှားလေယာဉ်ခရီးစဉ်များ ပြန်လည်စတင်ရေး၊ တရုတ်-မြန်မာနိုင်ငံအကြား ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားကဏ္ဍမြှင့်တင်ရေး၊ ဘာသာစကားသင်တန်းများ ဖွင့်လှစ်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်းသိရသည်။




ပြည်ပခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုတိုးတက်ဝင်ရောက်လာရေးအတွက် ခရီးသွားဈေးကွက်ပိုမိုရရှိရန် ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် တရုတ်ခရီးသွားဈေးကွက်သည် ကမ္ဘာ့ Outbound ခရီးသွားဈေးကွက်၏ မောင်းနှင်အားတစ်ခု အဖြစ်ရှိနေကြောင်း၊ ၂၀၁၉ ခုနှစ်တွင် တရုတ်ခရီးသွား ၁၅၅ သန်းခန့် ကမ္ဘာနှင့်အဝန်းခရီးစဉ်ဒေသများသို့ သွားလာလည်ပတ်မှုအများဆုံးအနေအထားတွင် ရှိခဲ့ကြောင်းနှင့် ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ တရုတ်ခရီးသွားဧည့်သည် ၁ဒသမ ၄ သန်းကျော် ဝင်ရောက်ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်) Source From: Myanmar Alin

## စပိန်နိုင်ငံ Caceres မြို့၌ အမြင့် ၄၇ မီတာရှိ ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓရုပ်ပွားတော် အပါအဝင်စေတီပုထိုးများ တည်ဆောက်သွားမည်



စပိန်နိုင်ငံအခြေစိုက် Lumbini Garden Foundation ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Jose Maunel Vilanova Aleman ဦးဆောင်သောအဖွဲ့သည် ဗုဒ္ဓဘာသာအခြေခံသော အာရှ-ဥရောပခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စပိန်နိုင်ငံတွင် ဆောင်ရွက်မည့် The Great Maha Karuna စီမံကိန်းနှင့် စပ်လျဉ်းပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်ကို ဩဂုတ်လ ၃၀ ရက်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် Lumbini Garden Foundation ၏ ဥက္ကဋ္ဌ ဖြစ်သူ Mr. Jose Maunel Vilanova Aleman က စီမံကိန်းတွင် စပိန်နိုင်ငံ Caceres မြို့တွင် အမြင့် ၄၇ မီတာရှိ ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓရုပ်ပွားတော် အပါအဝင် နီပေါ၊ သီရိလင်္ကာ၊ မြန်မာ၊ ဘူတန်၊ ထိုင်းစသည့် ဗုဒ္ဓဘာသာနိုင်ငံများရှိ အထင်ကရ စေတီပုထိုးများ၊ ဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် အသုံးအဆောင်များကို တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ယခုစီမံကိန်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသည် အရေးပါသောအခန်းကဏ္ဍက ပါဝင်နေသည့်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ မြန်မာနိုင်ငံသို့ ကိုယ်တိုင်ကိုယ်ကျလာရောက်ခြင်းဖြင့် တိုင်းပြည်၏ အခြေအနေများကို သိမြင်ခွင့်ရရှိမည်ဖြစ်ရာ ယခုခရီးစဉ်၏ အတွေ့အကြုံကောင်းများအား စပိန်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ တစ်ဆင့်စကား တစ်ဆင့်နား ဆိုသည့် ခရီးသွားမြှင့်တင်ရေးဆောင်ပုဒ်အတိုင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဗုဒ္ဓဘာသာပြန့်ပွားရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့် ချစ်ကြည်ရေးခိုင်မြဲတိုးတက်ရေးတို့အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Myanma Alinn

## ၂၀၂၂ ခုနှစ် တရုတ်-မြန်မာ ချစ်ကြည်ရေး ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ခြင်းနှင့်၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ဩဂုတ်လ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသော ၂၀၂၂ ခုနှစ် တရုတ်-မြန်မာ ချစ်ကြည်ရေးပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းစနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းများ၊ ဘာသာစကားသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိရာ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ မန္တလေးမြို့ရှိကောင်စစ်ဝန်ရုံးတို့၏ ပံ့ပိုးကူညီမှုဖြင့် ဧည့်လမ်းညွှန်များ၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် တရုတ်ဘာသာစကား သင်တန်းများအား အကြိမ်ပေါင်းများစွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုအခါ ခရီးသွားဈေးကွက်တွင် အလားအလာကောင်းများရှိနေသည့် တရုတ်ဘာသာစကားသင်တန်းကို ပုဂံမြို့တွင် မကြာသေးမီရက်များကပင် ဖူးကျင့် နိုင်ငံတကာဘာသာစကားသင်ကြားရေးဌာနနှင့်ပူးပေါင်းပြီး ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အတူ ရုရှားဘာသာစကားသင်တန်းကိုလည်း ရန်ကုန်၊ မန္တလေးနှင့် ပုဂံမြို့များတွင် ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း။




ထို့ပြင် တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုဖြင့် စီမံကိန်းများလည်းဆောင်ရွက်လျက်ရှိရာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ အထောက်အပံ့ဖြင့် ခရီးသွားလုပ်ငန်းသုတေသနစီမံကိန်းနှင့် မုန့်ဖုတ်အတတ်ပညာဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း စီမံကိန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထူးချွန်ဆုရ ကျောင်းသား/ ကျောင်းသူများအနေဖြင့် နိုင်ငံတော်မှ အားထားရသော သားကောင်း/ သမီးကောင်းများ ဖြစ်လာစေရန်နှင့် နိုင်ငံတော်၏အကျိုးစီးပွားအတွက် တတ်စွမ်းသမျှကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ယဉ်ကျေးမှုသံမှူးက ပညာရည်ချွန်ဆုပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ထူးချွန်ဆုရ ကျောင်းသားကျောင်းသူ ၁၀ ဦးကို ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး ယဉ်ကျေးမှုသံမှူး၊ ပညာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ထူးချွန်ဆုရ ကျောင်းသား/ ကျောင်းသူများကို ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။ အဆိုပါ အခမ်းအနားတွင် ထူးချွန်ကျောင်းသား/ ကျောင်းသူ စုစုပေါင်း ၄၀ တို့ကို တစ်ဦးလျှင် ငွေကျပ် ၅ သိန်းနှုန်းဖြင့် ငွေကျပ် သိန်း ၂၀၀ တန်ဖိုးရှိ ပညာရည်ချွန်ဆုများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်သော ၂၀၂၁-၂၀၂၂ ခုနှစ်၊ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပညာသင်ထောက်ပံ့စရိတ်များကို ပေးအပ်ရာ ဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်တို့က လက်ခံရယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူ သုံးဦးကို ဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ က ထူးချွန်စွာအောင်မြင်ခဲ့ကြသူများကို ဆုတံဆိပ်၊ ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဆုရရှိသူများကိုယ်စား ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဩဂုတ်၂၇ ရက်နေ့ ကျင်းပသော အခမ်းအနားတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသား/ ကျောင်းသူ စုစုပေါင်း (၂၉၁) ဦး အတွက် ပညာသင်ထောက်ပံ့စရိတ်ငွေကျပ် ၃၆၆၄၀၀၀နှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သူခုနစ်ဦးအတွက် တစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်း၊ ရိုးရိုးအောင်မြင်သူ ရှစ်ဦးအတွက် တစ်ဦးလျှင် ၅၀၀၀၀ ကျပ်နှုန်းဖြင့် စုစုပေါင်း (၁၅) ဦးအတွက် ဂုဏ်ပြုဆုငွေ ကျပ် ၁၃၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၉၆၄၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Kyemon

## ပြင်ဦးလွင်မြို့နှင့် မန္တလေးမြို့၌ ရုရှားဘာသာစကား (အခြေခံ) သင်တန်းဖွင့်ပွဲကျင်းပ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ဩဂုတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ ရွှေနန်းထိုက်ဟိုတယ်၌ ကျင်းပသော ရုရှားဘာသာစကားသင်တန်းဖွင့်ပွဲ အခမ်းအနားနှင့် နိုင်ငံအဆင့် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး အသိအမှတ်ပြုတံဆိပ်များ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။




ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းကို အထူးအလေးထားကာ ပြင်ဦးလွင်မြို့အား ခရီးသွားမြို့တော် (Tourist City) အဖြစ် အကောင်အထည်ဖော်ရန် လမ်းညွှန်ထားရှိပါကြောင်း၊ ဝန်ကြီးဌာနအနေနှင့် မြန်မာ-ရုရှား ခရီးသွားလုပ်ငန်း ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ရုရှားနိုင်ငံတွင်ကျင်းပပြုလုပ်လေ့ရှိသော နိုင်ငံတကာခရီးသွားပြပွဲများတွင်လည်း ပါဝင်ပြသရန် လိုအပ်ပါကြောင်း၊ အလားတူ အာဆီယံမူဘောင်တွင် ရုရှားနိုင်ငံနှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်း၊ ထို့အပြင် ဝန်ကြီးဌာန၏ website နှင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာစာစောင်များတွင်လည်း ရုရှားဘာသာဖြင့် ထုတ်ဝေခြင်း၊ လွှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုသင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ကြပြီး ၆ လကြာ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်းပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံအဆင့် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအသိအမှတ်ပြုတံဆိပ်ရရှိသော ပြင်ဦးလွင်ရှိ ဟိုတယ် ၁၀ လုံးအား အသိအမှတ်ပြုတံဆိပ်များကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်ရှိ ဟိုတယ်များ၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဟိုတယ် ၁၉ လုံးမှ ဝန်ထမ်း ၁၁၄ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ် (Booster Dose) ထပ်ဆောင်းထိုးနှံခြင်း အခမ်းအနားသို့တက်ရောက် အားပေးကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်အစည်းအဝေးခန်းမ၌ မန္တလေးမြို့ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များ၊ မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့နှင့် တွေ့ဆုံကာ တရုတ်ခရီးသွား ဈေးကွက်ကို မြှင့်တင်နိုင်ရေးအတွက် တရုတ်ခရီးသွားများအား ဖိတ်ခေါ်နိုင်ရေးနှင့် တရုတ်ဘာသာစကားသင်တန်းများဖွင့်လှစ်သင်ကြားနိုင်ရေးကိစ္စရပ်များကိုဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၌ ကျင်းပပြုလုပ်သော ရုရှားဘာသာစကား(အခြေခံ)သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ရုရှားဘာသာစကား သင်ကြားနေသော Language Lab သို့သွားရောက်ကြည့်ရှုပြီး မန္တလေးမြို့ရှိ ဟိုတယ်များ၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဟိုတယ်ဝန်ထမ်း ၂၀၈ ဦး ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ် ထပ်ဆောင်းထိုးနှံနေမှုကို လိုက်လံအားပေးကြည့်ရှုခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Kyemon

## ယခုအခါ ဈေးကွက်အနေအထားအရ အလားအလာကောင်းမွန်သော ရုရှားခရီးသွားဈေးကွက်ကို ရရှိနိုင်ရန်အတွက်ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ဩဂုတ်လ ၁၃ ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အင်းယားကန် ဟိုတယ်၌ ကျင်းပသော ရုရှားဘာသာစကား သင်တန်းဖွင့်ပွဲ အခမ်းအနားနှင့် နိုင်ငံအဆင့် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အသိအမှတ်ပြုတံဆိပ် များ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ရုရှားဘာသာဌာနမှ ဆရာ၊ ဆရာမများ၊ ရန်ကုန်မြို့ စီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ခရီးသွားလုပ်ငန်း ဘာသာဌာနမှ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး အသိအမှတ်ပြုတံဆိပ်ရရှိကြသော ဟိုတယ်များမှ တာဝန်ရှိသူများ၊ ရုရှားဘာသာစကားသင်တန်းသို့ တက်ရောက်ကြမည့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ကပင် ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ၊ ခရီးသွားလုပ်ငန်းနှင့် ဧည့်လမ်းညွှန်ဝန်ဆောင်မှုသင်တန်းများအပြင် နိုင်ငံခြားဘာသာစကားသင်တန်းများကို ဖွင့်လှစ်ပို့ချပေးခဲ့ပါကြောင်း၊ ယခုအခါ ဈေးကွက်အနေအထားအရ အလားအလာကောင်းမွန်သော ရုရှားခရီးသွားဈေးကွက်ကို ရရှိနိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်အတွင်း ရုရှားနိုင်ငံသားများကို ဗီဇာကင်းလွတ်ခွင့်ပေးခဲ့သဖြင့် ရုရှားခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရန်အတွက် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာပြီဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ် မတ်လအတွင်း ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပမည့် ခရီးသွားလုပ်ငန်းပြပွဲသို့ ပါဝင်ပြသကာ ခရီးသွား

လုပ်ငန်း မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် သံရုံးများနှင့် ချိတ်ဆက်ကာ ပါဝင်ဆောင်ရွက်သွားရန်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့သည် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသော ဟိုတယ်များ၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဟိုတယ်ဝန်ထမ်း ၁၂၅ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေးတတိယအကြိမ် (Booster Dose) ထပ်ဆောင်းထိုးနှံခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အင်းလျားကန်ဟိုတယ် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တွေ့ဆုံကာ တရုတ်ခရီးသွားဈေးကွက်မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းသည်။



ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ်လ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ နိုင်ငံတကာခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာမှု လွယ်ကူအဆင်ပြေစေရေး၊ ခရီးသွားဧည့်သည်ဝင်ရောက်မှုအချက်အလက်များနှင့် စာရင်းဇယားများ ပြည့်စုံစွာရရှိနိုင်ရေး၊ ဝန်ထမ်းများနှင့် ခရီးသွားဧည့်သည်များ၏ ဘေးကင်းလုံခြုံရေး၊ လာမည့် ပွင့်လင်းရာသီတွင် လေယာဉ်ခရီးစဉ်များ တိုးတက်ပြေးဆွဲနိုင်မည့် အခြေအနေများနှင့် လက်ခံဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးကောင်တာများ၊ လုံခြုံရေးနှင့် ကျန်းမာရေး စစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနမှ ဖွင့်လှစ်ဝန်ဆောင်မှုပေးလျက်ရှိသည့် သတင်းနှင့်ပြန်ကြားရေးကောင်တာသို့ သွားရောက်ကာ ခရီးသွားဧည့်သည်များမှန်ကန်သောသတင်းအချက်အလက်များ ပေးနိုင်ရေး၊ ခရီးသွားမြှင့်တင်ရေး စာအုပ်များ၊ လက်ကမ်းစာစောင်များ၊ မြေပုံများ ဖြန့်ဝေပေးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Myanma Alinn

## ပြည်ထောင်စုဝန်ကြီးဒေါက်တာဌေးအောင် အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များအတွက် အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ် (ASEAN Mutual Recognition Arrangements on Tourism Professional ASEAN MRA–TP)ကို အဖွဲ့ဝင်နိုင်ငံများနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ASEAN MRA–TP ကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍတွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်နိုင်စေရန်ရည်ရွယ်၍ ASEAN MRA–TP အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ်လ ၁၁ နေ့ ညနေပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ကျောက်စိမ်းခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။



ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အရာထမ်း/ အမှုထမ်းများ၊ နိုင်ငံအဆင့်ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအဖွဲ့ (NTPB)နှင့် ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့(TPCB) အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးခွဲများမှ အရာထမ်း/ အမှုထမ်းများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ASEAN MRA–TP သဘောတူညီချက်တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်အမျိုးအစား ၃၂ မျိုးအပြင် ယခုအခါ MICE အလုပ်အကိုင် ၂၀ မျိုး နှင့် Event အလုပ်အကိုင် ၁၁ မျိုး၊ နောက်ထပ် ၃၂ မျိုးကို ထပ်တိုးအတည်ပြုသွားနိုင်ရေးအတွက် နောက်ဆက်တွဲ ပြင်ဆင်ချက် အခြေပြုစာချုပ် Protocol to Amend the ASEAN MRA–TP ကို အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများက လှည့်လည်စာဖြင့် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းအခြေပြု စာချုပ်အရ ASEAN MRA–TP ယန္တရားအောက် တွင် အလုပ်အကိုင် ၆၄ မျိုးအထိ ရှိလာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ASEAN MRA–TP ကို အဓိက key player များဖြစ်သည့် အမျိုးသားအဆင့် Master Trainer နဲ့ Master Assessor တို့က ဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ASEAN MRA–TP အကောင်အထည်ဖော်ဆောင်ရာတွင် အားသာချက်၊ အားနည်းချက်များ ရှိနေနိုင်သဖြင့် လိုအပ်ချက် များကိုလည်း ရှုထောင့်ပေါင်းစုံက ပြန်လည်လေ့လာစိစစ်ပြီး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ သို့မှသာ အာဆီယံဒေသတွင်း ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် အခြားသော သဘောတူစာချုပ်များ၊ မူဘောင်များအရ အကောင်အထည်ဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် အာဆီယံ အဖွဲ့နိုင်ငံများနှင့်အတူ ဟန်ချက်ညီညီလိုက်ပါ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတွက် နယ်ပယ်အသီးသီးမှ တက်ရောက်နေကြသော တတ်သိပညာရှင်များက တက်ကြွစွာပါဝင်ဆွေးနွေးအကြံပြုကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ လေ့ကျင့်ရေးနှင့် ပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်က ASEAN MRA–TP အကောင်အထည်ဖော်ဆောင်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြမြသက်က ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ ရွှေ့ပြောင်းသွားလာမှု လွယ်ကူချောမွေ့စေရေး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာပြည့်ကျော်သူက သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကိုလည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝင်းမင်းဖြိုးက ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ ဆောင်ရွက်နေမှုကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြ

ပြီး တက်ရောက်လာသူများကသိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်) Source From: Kyemon

## မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလိုသော ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအတွက် ပံ့ပိုးဆောင်ရွက်ပေးစေလိုသော ကိစ္စရပ်များ ဆွေးနွေး





ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစီးပွားရေးအဖွဲ့အစည်း (Thai Business Association of Myanmar- TBAM) President, Mr. Nuttaphong Visitkitchakarn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ်လ ၁ ရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသို့ ထိုင်းနိုင်ငံမှလေကြောင်းလိုင်းများလည်း ပြေးဆွဲပျံသန်းလျက်ရှိကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ဒုတိယနေရာ၌ရှိပြီး ပိုမိုရင်းနှီးမြှုပ်နှံလာကြမည်ဟု ယုံကြည်ပါကြောင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစီးပွားရေး အဖွဲ့အစည်းက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြားကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆောင်ရွက်နေမှု၊ ထိုင်းခရီးသွားများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်လာနိုင်ရေး ကူညီဆောင်ရွက်ပေးစေလိုသော ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလိုသော ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအတွက် ပံ့ပိုးဆောင်ရွက်ပေးစေလိုသော ကိစ္စရပ်များ၊ ထိုင်းခရီးသွားများ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်နေမှုနှင့် နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့သည်။

(သတင်းစဉ်) Source From: Myanma Alinn

## လုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှု၊ ဟိုတယ်၊ တည်းခိုရိပ်သာများဖွင့်လှစ်ထားမှု၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှု၊ ပြည်ပဧည့်သည်လာရောက်မှုနှင့် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ်အသုံးပြုမှု အခြေအနေများ

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝှမ်းရှိ ခရီးသွားလုပ်ငန်းများ အကြပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရပြီး မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါ၏ သက်ရောက်မှုကြောင့် စီးပွားရေးလုပ်ငန်းများထိခိုက်ခဲ့ရကာ ခရီးသွားလုပ်ငန်းများမှာလည်း အခက်အခဲများ၊ စိန်ခေါ်မှုများနှင့်ကြုံတွေ့ခဲ့ရပါသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ယာယီရပ်နားခဲ့ရသည့် ခရီးသွားလုပ်ငန်းများ အမြန်ဆုံးစတင်နိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အကြီးအကဲထံတင်ပြ၍ ဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့်ညီနောင်အသင်းများနှင့်ပူးပေါင်း၍ အစဉ်တစိုက်နည်းလမ်းရှာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းခရီးသွားမြန်မာပြည်အနှံ့ရှိ ခရီးစဉ်ဒေသအသီးသီးသို့ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်၊ သတ်မှတ်ချက်များနှင့်အညီ သွားလာလည်ပတ်လျက်ရှိနေပြီဖြစ်ပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု၊ ပြန့်ပွားမှုကို ထိန်းချုပ်လာနိုင်ပြီး ရောဂါဖြစ်ပွားမှုမှာ ၂ ရာခိုင်နှုန်းအောက် လျော့နည်းလာခြင်းကြောင့် ၁၇-၄-၂၀၂၂ ရက်နေ့တွင် နိုင်ငံတကာလေကြောင်းလိုင်းများ ဆင်းသက်ခွင့်ပြုခဲ့ပြီး Commercial Flight များလည်း နေ့စဉ်ဆင်းသက်နေပြီဖြစ်ပါသည်။

အလားတူ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုတိုးတက်ကောင်းမွန်လာပြီး ရောဂါဖြစ်ပွားမှုနှုန်းများ လျော့နည်းကျဆင်းလာသည့်အတွက် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအား အထောက်အကူပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် Online e-Visa တွင် ပါဝင်သော အမျိုးအစားတစ်မျိုးဖြစ်သည့် e-Visa(Tourist) ထပ်မံတိုးမြှင့်ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ မြန်မာ့အာမခံလုပ်ငန်း၏ ကိုဗစ်-၁၉ ကျန်းမာရေးအကာအကွယ်ပါရှိသော အသက်အာမခံပေါ်လစီဝယ်ယူထားရှိသည့် နိုင်ငံခြားသားခရီးသွားများအား Online e-Visa (Tourist) လျှောက်ထားရယူလာရောက်နိုင်ရန်အတွက် ၂၀-၅-၂၀၂၂ ရက်နေ့မှစ၍ စတင်ခွင့်ပြု ဆောင်ရွက်လျက်ရှိခဲ့ရာ ၂၄-၅-၂၀၂၂ ရက်နေ့မှစ၍ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိပြီး ၄-၁၀-၂၀၂၂ ရက်နေ့အထိ လိုင်စင်ရခရီးသွားကုမ္ပဏီများ၏ စီစဉ်မှုဖြင့် လာရောက်ခဲ့သော ကမ္ဘာလှည့်ခရီးသည် (၃၂၁) ဦးအား ခရီးစဉ်အဆင်ပြေချောမွေ့စေရေးအတွက် ဝန်ကြီးဌာနမှဆက်စပ်ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးဆောင်ရွက်ခဲ့မှုများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းလိုင်စင် (၄)မျိုး ခွင့်ပြုပေးထားမှုစာရင်း (၃၀-၉-၂၀၂၂)အထိ**

| စဉ် | လိုင်စင်အမျိုးအစား | (၃၀-၉-၂၀၂၂) ထိ အရေအတွက် |
|---|---|---|
| ၁ | ဟိုတယ်လုပ်ငန်း | ၁၆၆၀(လုံး) |
| | | ၈၁၂၅၂(ခန်း) |
| ၂ | တည်းခိုရိပ်သာလုပ်ငန်း | ၆၇၁(လုံး) |
| | | ၁၃၂၀၆(ခန်း) |
| | စုစုပေါင်း(ဟိုတယ်+တည်းခိုရိပ်သာ) | ၂၃၃၁(လုံး) |
| | | ၉၄၄၅၈(ခန်း) |
| ၃ | ခရီးလှည့်လည်ရေးလုပ်ငန်း | |
| | (က) ပြည်တွင်း/ပြည်ဝင် | ၃၃၆၉(ခု) |
| | (ခ ) ပြည်ပ | ၈၂၄(ခု) |
| ၄ | ဧည့်လမ်းညွှန်လုပ်ငန်း | ၇၅၆၅ (ခု) |
| | (က)ဧည့်လမ်းညွှန် | ၄၉၀၉ (ခု) |
| | (ခ ) ဒေသဆိုင်ရာဧည့်လမ်းညွှန် | ၂၆၅၆ (ခု) |

**ဟိုတယ်နှင့်တည်းခိုရိပ်သာများ စစ်ဆေးပြီး ပြန်လည်ဖွင့်လှစ်သည့်စာရင်း (၃-၁၀-၂၀၂၂)**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စာရင်းရှိ ဟိုတယ်/ တည်းခိုရိပ်သာအရေအတွက် | စတင်စစ်ဆေးသည့်ရက် | စစ်ဆေးပြီးနောက်ဖွင့်လှစ်သည့် ဟိုတယ်/ တည်းခိုရိပ်သာ အရေအတွက် | ပိတ်သိမ်းခြင်းမရှိဘဲ ဖွင့်လှစ်ထားသည့် စာရင်း(မစစ်ဆေးရသေး) |
|---|---|---|---|---|---|
| ၁ | နေပြည်တော် ကောင်စီနယ်မြေ | ၉၈ | ၂၉-၄-၂၀၂၀ | ၇၆ | - |
| ၂ | ရန်ကုန်တိုင်း ဒေသကြီး | ၄၉၃ | ၂၄-၆-၂၀၂၀ | ၃၂၃ | - |

| | | | | | |
|---|---|---|---|---|---|
| ၃ | မန္တလေးတိုင်း ဒေသ ကြီး | ၅၈၂ | ၂၅-၇-၂၀၂၀ | ၂၈၃ | - |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၉၇ | ၃၀-၆-၂၀၂၀ | ၈၉ | ၄ |
| ၅ | စစ်ကိုင်းတိုင်းဒေသ ကြီး | ၆၁ | ၁၂-၅-၂၀၂၀ | ၄၆ | - |
| ၆ | တနင်္သာရီတိုင်း ဒေသကြီး | ၅၆ | ၅-၅-၂၀၂၀ | ၄၂ | - |
| ၇ | ဧရာဝတီတိုင်း ဒေသကြီး | ၁၂၀ | ၂၀-၅-၂၀၂၀ | ၉၆ | - |
| ၈ | မကွေးတိုင်း ဒေသကြီး | ၅၅ | ၉-၅-၂၀၂၀ | ၄၅ | - |
| ၉ | ကချင်ပြည်နယ် | ၆၁ | ၁၂-၆-၂၀၂၀ | ၄၆ | ၉ |
| ၁၀ | ကယားပြည်နယ် | ၃၃ | ၂၅-၅-၂၀၂၀ | ၇ | - |
| ၁၁ | ကရင်ပြည်နယ် | ၅၅ | ၂၇-၅-၂၀၂၀ | ၅၃ | - |
| ၁၂ | ချင်းပြည်နယ် | ၁၃ | ၁-၆-၂၀၂၀ | - | - |
| ၁၃ | မွန်ပြည်နယ် | ၇၆ | ၃၀-၆-၂၀၂၀ | ၅၉ | - |
| ၁၄ | ရခိုင်ပြည်နယ် | ၁၀၂ | ၂၆-၅-၂၀၂၀ | ၇၃ | - |
| ၁၅ | ရှမ်းပြည်နယ် | ၄၂၄ | ၁၉-၅-၂၀၂၀ | ၃၁၀ | - |
| **ပေါင်း** | | **၂၃၂၆** | **-** | **၁၅၄၈** | **၁၃** |
| | | **၂၃၂၆** | **-** | **၁၅၆၁** | |

**နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းများမှ ဝန်ထမ်းများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးမှုအခြေအနေ(၂-၁၀-၂၀၂၂ )**

| စဉ် | အကြောင်းအရာ | ဝန်ထမ်း ဦးရေ | ကာကွယ်ဆေးထိုးပြီး | ဆေးထိုးရန် ကျန် |
|---|---|---|---|---|
| ၁ | ဟိုတယ်/ တည်းခိုရိပ်သာ | ၃၉၃၁၀ | ၃၉၃၃၉ | ၁၇၁ |
| ၂ | ခရီးသွားကုမ္ပဏီ | ၇၆၄၃ | ၅၃၆၉ | ၂၂၇၄ |
| ၃ | ဧည့်လမ်းညွှန် | ၇၇၃၃ | ၃၄၇၅ | ၄၂၅၈ |
| **စုစုပေါင်း** | | ၅၄၆၇၆ | ၄၇၉၈၃ | ၆၇၀၃ |

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှပေးပို့သောစာရင်းများအရ မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်လာရောက်မှုစာရင်း**

| စဉ် | အကြောင်းအရာ | ၂၀၂၁ ဇန်နဝါရီလမှ စက်တင်ဘာလ | ၂၀၂၂ ဇန်နဝါရီလမှ စက်တင်ဘာလ | တိုးတက်မှု | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁<br>၂<br>၃ | လေကြောင်းဖြင့်ဝင်ရောက်သူများ<br>သင်္ဘောဖြင့်ဝင်ရောက်သူများ<br>နယ်စပ်ဝင်ပေါက်မှအတွင်းပိုင်းထိ ဝင်ရောက်သူများ | **၁၁၅၆၃**<br>**၅၄၁**<br>**-** | **၄၈၂၆၇**<br>**၇၅၉**<br>**-** | **၃၆၇၀၃**<br>**၂၁၈**<br>**-** | **(+)၃၁၇%**<br>**(+) ၄၀%**<br>**-** |
| **ဗီဇာဖြင့်ဝင်ရောက်သူပေါင်း** | | **၁၂၁၀၄** | **၄၉၀၂၆** | **၃၆၉၂၂** | **(+)၃၀၅%** |
| ၄ | နယ်စပ်တွင်ဝင်ရောက်သူများ(EP, BP,TBP) | **၈၈၄၉၉** | **၁၀၄၁၂၈** | **၁၅၆၂၉** | **(+) ၁၈%** |
| **စုစုပေါင်း** | | **၁၀၀၆၀၃** | **၁၅၃၁၅၄** | **၅၂၅၅၁** | **(+)၅၂%** |

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍကို ထိခိုက်စေခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ သက်ရောက်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် ဝန်ကြီးဌာနက ရေးဆွဲထားသည့် မြန်မာနိုင်ငံခရီးသွားကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာ လမ်းပြမြေပုံ (Myanmar Tourism Strategic Recovery Roadmap-MTSRR) ၏ လတ်တလော ဦးစားပေးဆောင်ရွက်ရမည့်အခန်းကဏ္ဍတွင် "မြန်မာနိုင်ငံကို ဘေးကင်းလုံခြုံသော ခရီးစဉ်ဒေသတစ်ခုအဖြစ်စိတ်ချယုံကြည်မှုများ ဖြစ်ပေါ်လာစေရန်နှင့် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်" သည် လတ်တလောဦးစားပေး မဟာဗျူဟာတစ်ရပ် အနေဖြင့်ပါရှိသောကြောင့် ခရီးသွားလုပ်ငန်းဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းများ အား ကိုဗစ်-၁၉ Safe Service အသိအမှတ်ပြုတံဆိပ်များ စနစ်တကျသတ်မှတ် ပေးအပ်နိုင်ရန်နှင့် ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံသည့် ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း ပုံရိပ်ကို မြှင့်တင်ပေးရန်အတွက် "Enchanting Myanmar Health and Safety Protocol" အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၃၀-၉-၂၀၂၂ ရက်နေ့အထိ Enchanting Myanmar Health and Safety Protocol Website တွင် ဝင်ရောက်လျှောက်ထားသည့် ဟိုတယ် (၃၆၆) လုံးရှိပြီး ယာယီအသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီး ဟိုတယ် (၂၉၄) လုံးရှိပါသည်။ ယာယီခွင့်ပြုဟိုတယ် (၂၉၄)လုံးအနက် (၂၁၄) လုံးကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များမှ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပြီး ထောက်ခံတင်ပြလာခြင်းအပေါ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး အဖွဲ့ဝင်များ၏ သဘောတူညီချက်ဖြင့် နိုင်ငံအဆင့် အသိအမှတ်ပြု HSP Plaque များလည်း ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် ခရီးသွားလုပ်ငန်းများပြန်လည်ဖွင့်လှစ်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ယုံကြည်စိတ်ချရသည့် ခရီးသွားဝန်ဆောင်မှုများဖြစ်ပေါ်လာစေရေး HSP Website: www.hsp.tourism.gov.mm သို့ ဝင်ရောက်လေ့လာပြီး လျှောက်ထားရယူနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဒေသအဆင့် (Regional Level) အသိအမှတ်ပြုလက်မှတ်ထုတ်ပေးပြီးစီးသည့် လုပ်ငန်းများစာရင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရှိရင်းအလုံး အရေအတွက် | အသိအမှတ်ပြုလက်မှတ် ရရှိသည့်အရေအတွက် |
|---|---|---|---|
| ၁။ | နေပြည်တော်ပြည်ထောင်စုနယ်မြေ | ၉၈ | ၉၈ |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ၄၉၃ | ၁၉၇ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | ၅၈၂ | ၄၃၄ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ၉၇ | ၉၂ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၁ | ၅၃ |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | ၅၆ | ၃၅ |
| ၇။ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၀ | ၉၈ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၅၅ | ၅၀ |
| ၉။ | ကချင်ပြည်နယ် | ၆၁ | ၄၆ |
| ၁၀။ | ကယားပြည်နယ် | ၃၃ | ၃၃ |
| ၁၁။ | ကရင်ပြည်နယ် | ၅၅ | ၅၃ |
| ၁၂။ | ချင်းပြည်နယ် | ၁၃ | ၁၀ |
| ၁၃။ | မွန်ပြည်နယ် | ၇၆ | ၆၇ |
| ၁၄။ | ရခိုင်ပြည်နယ် | ၁၀၂ | ၈၁ |
| ၁၅။ | ရှမ်းပြည်နယ် | ၄၂၄ | ၃၃၄ |
| **စုစုပေါင်း** | | **၂၃၂၆** | **၁၆၈၁** |

**HSP Website တွင်National Level အသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများစာရင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ (၃၀-၉-၂၀၂၂)ရက်နေ့**

| စဉ် | နေပြည်တော် တိုင်းဒေသ ကြီး/ ပြည်နယ် | လျှောက်ထားလာမှု | Website တွင် Online မှယာယီ အသိအမှတ် ပြုလက်မှတ် ထုတ်ပေး ထားမှု | Online Appro-ve များ အနက် Plaque ထုတ်ပေး ထားမှု | Online Appro-ve များ အနက် Plaque မရရှိ သေး သည့် ဟိုတယ်/ တည်းခိုရိပ် သာများ | ဆောင် ရွက်ဆဲ ဟိုတယ်/ တည်း ခိုရိပ် သာ များ | နေပြည် တော် ကောင်စီ၊ တိုင်းဒေ သကြီး/ ပြည်နယ် များရှိ လိုင်စင်ရ ဟိုတယ်/ တည်းခို ရိပ်သာ များ စာရင်း | လျှောက် ထားမှု ရာခိုင် နှုန်း (%) |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | **၄၆** | ၄၂ | ၄၁ | ၁ | ၄ | ၉၈ | **၄၇** |
| ၂ | မန္တလေး | **၃၈** | ၂၁ | ၁၀ | ၁၁ | ၁၇ | ၅၈၂ | **၇** |
| ၃ | ရန်ကုန် | **၇၇** | ၇၀ | ၅၄ | ၁၆ | ၇ | ၄၉၃ | **၁၆** |
| ၄ | ပဲခူး | **၃** | ၃ | ၂ | ၁ | ၀ | ၉၇ | **၃** |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၀ | ၀ | ၆၁ | ၂ |
| ၆ | တနင်္သာရီ | ၈ | ၄ | ၂ | ၂ | ၄ | ၅၆ | ၁၄ |
| ၇ | ဧရာဝတီ | ၁၃ | ၁၂ | ၁၁ | ၁ | ၁ | ၁၂၀ | ၁၁ |
| ၈ | မကွေး | ၁၂ | ၁၂ | ၁၀ | ၂ | ၀ | ၅၅ | ၂၂ |
| ၉ | ကချင် | ၂ | ၂ | ၀ | ၂ | ၀ | ၆၁ | ၃ |
| ၁၀ | ကယား | ၀ | ၀ | ၀ | ၀ | ၀ | ၃၃ | ၀ |
| ၁၁ | ကရင် | ၂၀ | ၁၃ | ၅ | ၈ | ၇ | ၅၅ | ၃၆ |
| ၁၂ | ချင်း | ၀ | ၀ | ၀ | ၀ | ၀ | ၁၃ | ၀ |
| ၁၃ | ရခိုင် | ၅ | ၄ | ၃ | ၁ | ၁ | ၁၀၂ | ၅ |
| ၁၄ | ရှမ်း | ၁၁၅ | ၈၇ | ၅၃ | ၃၄ | ၂၈ | ၄၂၄ | ၂၇ |
| ၁၅ | မွန် | ၂၆ | ၂၃ | ၂၂ | ၁ | ၃ | ၇၆ | ၃၄ |
| စုစုပေါင်း | | ၃၆၆ | ၂၉၄ | ၂၁၄ | ၈၀ | ၇၂ | ၂၃၂၆ | ၁၆ |

ပြည်တွင်း၊ပြည်ပခရီးသွားများ၏ တည်းခိုနေထိုင်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို အချိန်နှင့်တပြေးညီမှတ်တမ်းတင်နိုင်ရန်၊ ဧည့်သည်စာရင်းစီမံခန့်ခွဲမှုစနစ်-Guest List Management System (GLMS)ကို အဆင့်မြှင့်တင်၍ တစ်နိုင်ငံလုံးရှိ ဟိုတယ်၊ တည်းခိုရိပ်သာများအားလုံး အသုံးပြုနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ယခင်အသုံးပြုလျက်ရှိသည့် စနစ်အားအဆင့်မြှင့်တင်ခဲ့ပြီး (၁၄-၁-၂၀၂၂) ရက်နေ့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရုံးခွဲများမှ စနစ်အား အသုံးပြုမည့် ဝန်ထမ်းများအား သင်တန်းများ ပို့ချခြင်း၊ (၂၀-၄-၂၀၂၂) ရက်နေ့မှ (၂၀-၅-၂၀၂၂) ရက်နေ့အထိ ဟိုတယ်နှင့်တည်းခိုရိပ်သာများမှစနစ်အား အသုံးပြု၍ ဧည့်သည်စာရင်းဖြည့်သွင်းပေးပို့မည့် ဝန်ထမ်းများအား သင်တန်းပို့ချပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှတဆင့် မိမိတို့သက်ဆိုင်ရာဒေသရှိဟိုတယ်နှင့်တည်းခိုရိပ်သာများကို စနစ်အသုံးပြုနည်းလမ်းညွှန်သင်တန်း ပြန်လည်သင်ကြားပို့ချပေးနိုင်ရေးအတွက် ရုံးခွဲများမှဝန်ထမ်း(၄၄)ဦး၊ သက်ဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ် (၃၆)ဦး၊ စုစုပေါင်း (၈၀)ဦးကို (၂၀-၆-၂၀၂၂)ရက်နေ့မှ (၂၂-၆-၂၀၂၂)ရက်နေ့အထိ သင်တန်းပို့ချပေးခဲ့ပါသည်။ ဧည့်သည်စာရင်းစီမံခန့်ခွဲမှု(GLMS) စနစ်အား ဟိုတယ်တည်းခိုရိပ်သာများ အသုံးပြုလျက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် အသုံးပြုမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ဧည့်သည်စာရင်းစီမံခန့်ခွဲမှုစနစ် အသုံးပြုမှုအခြေပြဇယား** ၆-၁၀-၂၀၂၂ ရက်နေ့

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | လိုင်စင်ရ ဟိုတယ်/ | မှတ်ပုံတင် ထားသည့် ဟိုတယ် | မှတ်ပုံတင်ရန်ကျန် ရှိ သည့် ဟိုတယ် |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၉၈ | ၉၃ | ၅ |
| ၂ | ကချင်ပြည်နယ် | ၆၁ | ၅၄ | ၇ |
| ၃ | ကယားပြည်နယ် | ၃၃ | ၃၃ | - |
| ၄ | ကရင်ပြည်နယ် | ၅၅ | ၅၅ | - |
| ၅ | ချင်းပြည်နယ် | ၁၃ | ၁၃ | - |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၆၁ | ၅၆ | ၅ |
| ၇ | တနင်္သာရီတိုင်း ဒေသကြီး | ၅၆ | ၅၅ | ၁ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၉၇ | ၉၇ | - |
| ၉ | မကွေးတိုင်းဒေသကြီး | ၅၅ | ၅၃ | ၂ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၅၈၂ | ၃၉၃ | ၁၈၉ |
| ၁၁ | မွန်ပြည်နယ် | ၇၆ | ၇၁ | ၅ |
| ၁၂ | ရခိုင်ပြည်နယ် | ၁၀၂ | ၈၄ | ၁၈ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၄၉၃ | ၃၀၂ | ၁၉၁ |
| ၁၄ | ရှမ်းပြည်နယ် | ၄၂၄ | ၃၁၅ | ၁၀၉ |
| ၁၅ | ဧရာဝတီတိုင်း ဒေသကြီး | ၁၂၀ | ၉၆ | ၂၄ |
| | **စုစုပေါင်း** | ၂၃၂၆ | ၁၇၇၁ | ၅၅၅ |

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ

**ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုသင်တန်းများ**

ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းဖြစ်သော ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့်အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်းနှင့် အစားအစာထုတ်လုပ်မှုသင်တန်းများကို ဘားအံမြို့နှင့် သံတွဲမြို့များတွင် သင်တန်း (၂) ကြိမ်၊ သင်တန်းသား (၁၈၀) ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကွန်းခရီးစဉ်ဒေသတွင် ဒေသခံဧည့်လမ်းညွှန် (မွမ်းမံ)သင်တန်းကို သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၄၇) ဦးဖြင့် လည်းကောင်း ဖွင့်လှစ်ပို့ချခဲ့ပါသည်။ အလားတူ ပြည်တွင်းဘုရားဖူးခရီးသွားဧည့်သည်များအား ခရီးစဉ်ရှင်းလင်းပြသနေသူများသို့ အသိပညာပေးသင်တန်းကို သင်တန်း (၁) ကြိမ် သင်တန်းသား (၃၀) ဦးဖြင့် ဖွင့်လှစ်ပို့ချခဲ့ပါသည်။

**ဘာသာစကားသင်တန်းများ**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍတွင် ရုရှားခရီးသွားဈေးကွက် ပိုမိုရရှိရေးနှင့် ရုရှားခရီးသွားများအား ပိုမိုကောင်းမွန်သော ခရီးသွားဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်ရည်ရွယ်၍ ရုရှားဘာသာစကား (အခြေခံ) သင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိရာတွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ပူးပေါင်း၍ ရန်ကုန်မြို့၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CTD) တွင် (၅-၈-၂၀၂၂) ရက်နေ့မှ (၇-၁၀-၂၀၂၂) ရက်နေ့အထိ၊ သင်တန်းသား (၅၀) ဦးဖြင့် လည်းကောင်း၊ မန္တလေးနိုင်ငံခြား ဘာသာတက္ကသိုလ်နှင့်ပူးပေါင်း၍ (၅-၈-၂၀၂၂) ရက်နေ့မှ (၇-၁၀-၂၀၂၂) ရက်နေ့အထိ သင်တန်းသား (၅၀) ဦး ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်တက္ကသိုလ် အဆင့်မြင့်စာပေပညာဗဟိုဌာနနှင့်ပူးပေါင်း၍ ပြင်ဦးလွင်မြို့တွင် ဩဂုတ်လမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအထိ သင်တန်းသား (၃၇) ဦး ဖြင့်လည်းကောင်း ဖွင့်လှစ်လျက်ရှိပါသည်။

အလားတူ တရုတ်ဘာသာစကားသင်တန်းများကို မန္တလေးတိုင်းဒေသကြီး၊ ပုဂံရုံးခွဲနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းတို့ ပူးပေါင်း၍ တရုတ်ဘာသာစကား(အခြေခံ)သင်တန်းကို (၂၉-၈-၂၀၂၂) ရက်နေ့မှ (၁၄-၁၀-၂၀၂၂) ရက်နေ့အထိ သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၂၅၂) ဦး ဖြင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Huaqiao တက္ကသိုလ်မှ Online ဖြင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအထိ တရုတ်ဘာသာစကားသင်တန်းကို သင်တန်း (၁) ကြိမ်၊ သင်တန်းသား(၁၅)ဦးဖြင့်လည်းကောင်း ဖွင့်လှစ်လျက်ရှိပါသည်။

ထို့အတူ အင်္ဂလိပ်စာဘာသာစကားသင်တန်းများကို ငွေဆောင်၊ ချောင်းသာနှင့် မကွေးမြို့များတွင် သင်တန်း (၃)ကြိမ်၊ သင်တန်းသား (၁၅၅)ဦး ဖြင့် လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး (HSP) သင်တန်းများ**

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပုံရိပ်ကိုမြှင့်တင်ပေးရန် ရည်ရွယ်သည့်လုပ်ငန်းခွင်ဘေးအန္တရယ်ကင်းရှင်းရေး “Enchanting Myanmar Health and Safety Protocol” သင်တန်းများကို (Outsourcing) ပုံစံဖြင့် ဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဌာန်းရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အစည်း၊ မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအသင်းတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိရာတွင် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လမှ အောက်တိုဘာလအထိ (၃) လအတွင်း သင်တန်း (၃၀) ကြိမ်၊ သင်တန်းသား (၁၁၈၂) ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**Barrier Free Tourism သင်တန်းများ**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် Barrier Free Tourism ဖော်ဆောင်မှုအဖြစ် ခရီးသွားလာရန် အခက်အခဲရှိသည့်မသန်စွမ်းသူများ၊ ထိခိုက်

ဒဏ်ရာရရှိထားသူများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးငယ်များပါဝင်သည့် မိသားစုများနှင့် သက်ကြီးခရီးသွားများအတွက် လွယ်ကူချောမွေ့သော ခရီးသွားဝန်းကျင်အခြေအနေကောင်းများကို ဖန်တီးဖော်ဆောင်ပေးရန် ရည်ရွယ်၍ မသန်စွမ်းခရီးသွားများအတွက် အထောက်အကူပြုအခြေခံဝန်ဆောင်မှုသင်တန်းကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လမှ အောက်တိုဘာလအထိ (၃) လအတွင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများဖြစ်သော မြစ်ကြီးနား၊ ရန်ကုန်၊ မုံရွာ၊ မော်လမြိုင်မြို့များတွင် သင်တန်း (၄) ကြိမ်၊ သင်တန်းသား (၃၆၅) ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

**ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သင်တန်းများ**

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တောင်ကြီးရုံးခွဲနှင့် ရှမ်းပြည်နယ်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဝါးလက်မှု (အခြေခံ)သင်တန်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် လွိုင်မွေကျေးရွာအုပ်စုရှိ ရပ်ရွာအခြေပြုခရီးသွားစဉ်ဒေသဖြစ်သည့် ဟိုကျင်း(အာခါ) ကျေးရွာတွင် သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၂၀) ဦးဖြင့် ဖွင့်လှစ်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းများဖွင့်လှစ်ခြင်းဖြင့် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ ရိုးရာယဉ်ကျေးမှု လက်မှုအနုပညာလုပ်ငန်းများ မတိမ်ကောမပပျောက်စေရန်နှင့် ဒေသထွက် ခရီးသွားထုတ်ကုန်များကို အဆင့်မြှင့်တင်ပေးရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ထို့အပြင် ခရီးသွားလုပ်ငန်းတွင် လူကုန်ကူးမှုတားဆီးရေးဆောင်ရွက်မှုအဖြစ် လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ အသိပညာပေးသင်တန်းကို မော်လမြိုင်မြို့တွင် သင်တန်း (၁) ကြိမ်၊ သင်တန်းသား (၄၀) ဦးဖြင့် ဖွင့်လှစ်ပို့ချခဲ့ပါသည်။

သို့ဖြစ်ရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ လေ့ကျင့်ရေးနှင့်ပညာပေးရေးဌာနခွဲ၏ ကြီးကြပ်စီစဉ်မှုဖြင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လမှ အောက်တိုဘာလအထိ (၃)လတာ ကာလအတွင်းပြည်တွင်းသင်တန်း စုစုပေါင်း (၄၈) ကြိမ်ကို သင်တန်းသား (၂၄၂၃) ဦးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။

| စဉ် | သင်တန်းအမျိုးအစား | စုစုပေါင်း | |
|---|---|---|---|
| | | ကြိမ်ရေ | ဦးရေ |
| ၁။ | ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း | ၂ | ၁၈၀ |
| ၂။ | ဒေသခံများအတွက် ဧည့်လမ်းညွှန် (မွမ်းမံ) သင်တန်း | ၁ | ၄၇ |
| ၃။ | ပြည်တွင်းဘုရားဖူးခရီးသွား ဧည့်ဝန်ဆောင်မှုသင်တန်း | ၁ | ၃၀ |
| ၄။ | ရုရှားဘာသာစကား (အခြေခံ) သင်တန်း | ၃ | ၁၃၇ |
| ၅။ | တရုတ်ဘာသာစကား (အခြေခံ) သင်တန်း | ၂ | ၂၆၇ |
| ၆။ | အင်္ဂလိပ်စာဘာသာစကားသင်တန်း | ၃ | ၁၅၅ |
| ၇။ | လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်း (Outsourcing) | ၃၀ | ၁၁၈၂ |
| ၈။ | Barrier Free Tourism အထောက်အကူပြုသင်တန်း | ၄ | ၃၆၅ |
| ၉။ | ဝါးလက်မှုအခြေခံသင်တန်း | ၁ | ၂၀ |
| ၁၀။ | လူကုန်ကူးမှုတားဆီးရေးဆိုင်ရာ အသိပညာပေးသင်တန်း | ၁ | ၄၀ |
| | စုစုပေါင်း | ၄၈ | ၂၄၂၃ |

**မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်းများ**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ (၂၀၂၀) အထောက်အပံ့ဖြင့် "The Establishment of Tourism Research Center" စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် စီမံကိန်းအတွက် နိုင်ငံသားကျွမ်းကျင်ပညာရှင်ငှားရမ်းခြင်းကို ဆောင်ရွက်ခဲ့ပြီး နေပြည်တော်ရုံးတွင် စီမံကိန်းလုပ်ငန်းများစတင်ဆောင်ရွက်မှုအဖြစ် စီမံကိန်း၏ Detail Work Plan ပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစီမံကိန်းသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၏ စာရင်းအင်းအချက်အလက်များကို ပိုမိုတိကျ အားကောင်းခိုင်မာလာစေရန် တစ်ထောင့်တစ်နေရာမှ အားဖြည့်ဖော်ဆောင်မည့် စီမံကိန်းတစ်ခု ဖြစ်ပါတယ်။

စီမံကိန်း၏ Work Plan အရ သုတေသနဆိုင်ရာအခြေခံ (Basic) သင်တန်းနှင့် သုတေသနဆိုင်ရာ အထူးကြပ်မတ်(Intensive) သင်တန်းကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန သင်တန်းသားများနှင့် ခရီးသွားလုပ်ငန်းတက္ကသိုလ်များနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ သင်တန်းသားများ စုစုပေါင်း (၇၉) ဦး ဖြင့် (Hybrid) ပုံစံဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

## ခရီးသွားမြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော ခရီးသွားမြှင့်တင်ရေး အစီအစဉ်များ




**ခရီးသွားမြှင့်တင်ရေးဆိုင်ရာဆောင်ရွက်ချက်များ**

မြန်မာနိုင်ငံ၏ခရီးစဉ်ဒေသများကို မြှင့်တင်နိုင်ရန်အတွက် စာအုပ်စာစောင်များ၊ CD/DVD များ စီစဉ်ထုတ်ဝေပြီးဖြန့်ဝေလျက်ရှိရာ၂၀၂၂ခုနှစ်၊ ဩဂုတ်လမှ အောက်တိုဘာလအထိ တိုင်းဒေသကြီး၊ ပြည်နယ်များရှိရုံးခွဲများ၊ Information Counter များ၊ ခရီးသွားမြှင့်တင်ရေးအတွက် ကျင်းပသည့် အစည်းအဝေး၊ ဆွေးနွေးပွဲများ၊ နိုင်ငံတကာခရီးသွားပြပွဲများ၊ ပြည်ပရှိ မြန်မာနိုင်ငံသံရုံးများနှင့် ကောင်စစ်ဝန်ရုံးများတို့သို့ လက်ကမ်းစာအုပ်၊ စာစောင်နှင့်မြေပုံ (၇,၃၆၈) စောင်၊ CD/DVD(၄၉) ချပ်နှင့် Memory Stick (၅၀)ခုတို့ကို ဖြန့်ဝေပေးခဲ့ပါသည်။

**(၃၆) ကြိမ်မြောက် ဟောင်ကောင်နိုင်ငံတကာခရီးသွားပြပွဲ – ၂၀၂၂ သို့ မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်းပါဝင်ပြသခြင်း**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်မြို့၌ ၁၈-၈-၂၀၂၂ ရက်နေ့မှ ၂၁-၈-၂၀၂၂ ရက်နေ့ အထိကျင်းပခဲ့သည့် (၃၆) ကြိမ်မြောက်ဟောင်ကောင်နိုင်ငံတကာခရီးသွားပြပွဲ-၂၀၂၂ သို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကိုယ်စား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်မြို့မှ မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်း ပါဝင်ပြသခဲ့ပါသည်။

**(၁၆) ကြိမ်မြောက် ဟိုချီမင်း နိုင်ငံတကာခရီးသွားပြပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်း ပါဝင်ပြသခဲ့ခြင်း**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ၈-၉-၂၀၂၂ ရက်နေ့မှ ၁၀-၉-၂၀၂၂ ရက်နေ့အထိ ကျင်းပသည့် (၁၆)ကြိမ်မြောက် ဟိုချီမင်းနိုင်ငံတကာခရီးသွားပြပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းတို့မှပါဝင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်းအား ပါဝင်ပြသခဲ့ပါသည်။

**မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းအား Digital နည်းဖြင့် မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေ**

ဝန်ကြီးဌာန၏ Website နှင့် Web Portal တို့ကို အင်္ဂလိပ်၊ မြန်မာ၊ ရုရှား၊ ဂျာမဏီ၊ စပိန်၊ အီတလီ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ် စသည့် ဘာသာစကား (၁၁) မျိုးဖြင့် လွှင့်တင်ထားပါသည်။ ခရီးစဉ်ဒေသများတွင်

4KHDR Video၊ 360˚ Video နှင့် 360˚Photo များရိုက်ကူး၍ Virtual Reality ပြခန်းနှင့် Virtual Reality Website တို့တွင် Online/ Offline ဖြင့် ကြည့်ရှုနိုင်ရေးဆောင်ရွက်ထားရှိပါသည်။

ခရီးစဉ်ဒေသနှင့် ခရီးသွားဆွဲဆောင်မှုဆိုင်ရာ 360˚ Video နှင့် 360˚ Photo များ၊ ဆောင်းပါးများကို အသုံးပြု၍ ဝန်ကြီးဌာနမှ လွှင့်တင်ထားသော Facebook, Instagram, Twitter, Pinterest, Linkedin, Viber, Youtube စသော Social Media Platform များတွင် Online Marketing ပြုလုပ်ခြင်း၊ Website နှင့် Web Portal တို့တွင်မြှင့်တင် Google Marketing ပြုလုပ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နယ်ရုံးခွဲများနှင့် Information Counter များတွင် ဖြန့်ချိထားရှိသော Digital Signage များကို ထင်ရှားသောခရီးစဉ်ဒေသများတွင် ထပ်မံထားရှိနိုင်ရေး စီစဉ်ခြင်းများလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## နိုင်ငံတကာနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နိုင်ငံတကာနှင့်ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဩဂုတ်လမှ အောက်တိုဘာလအထိ အာဆီယံနိုင်ငံများမှ ကျင်းပပြုလုပ်သော ဖိုရမ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများအား တက်ရောက်၍ ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်ခဲ့ပါသည်။

| စဉ် | အကြောင်းအရာ | ဖိုရမ်/အလုပ်ရုံဆွေးနွေးပွဲ/အစည်းအဝေးတက်ရောက်မှုအကြိမ်အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | အာဆီယံနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်း (ASEAN) | ၇ ကြိမ် | Virtual/ Hybrid |
| ၂။ | အာဆီယံနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်း (ASEAN) | ၃ ကြိမ် | Physical |
| ၃။ | မဟာမဲခေါင်ဒေသခွဲနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်း | ၁ ကြိမ် | Physical |
| ၄။ | အာဆီယံဗဟိုဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၃ ကြိမ် | Virtual/ Hybrid |
| ၅။ | ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့နှင့် ခရီးသွားလုပ်ငန်း ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်း(CLMVT) | ၁ ကြိမ် | Virtual |
| ၆ ။ | မဲခေါင်-လန်ချန်း ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း | ၂ ကြိမ် | Physical |

## တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုမှတ်တမ်း

### မွန်ပြည်နယ်

မွန်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လမ်းညွှန်မှု၊ မွန်ပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ဦးဆောင်မှု၊ ဆက်စပ်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (မော်လမြိုင်ဇုန်)၊ ခရီးသွားလုပ်ငန်းရှင်များအသင်း(မွန်ပြည်နယ်)နှင့် ဧည့်လမ်းညွှန်များအသင်း(မွန်ပြည်နယ်)တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မွန်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကမ္ဘာ့ကူးစက်ကပ်ရောဂါကြောင့် ကျဆင်းခဲ့ရသော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍအား ပွင့်လင်းရာသီတွင် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဖော်ထုတ်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မွန်ပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို (၁၅-၉-၂၀၂၂) ရက်နေ့တွင် မော်လမြိုင်မြို့ရှိ Royal Mawlamyine Hotel တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ အစိုးရ၊ ပုဂ္ဂလိက ကိုယ်စားလှယ် တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲရလဒ်အနေဖြင့် ဆက်လက်အကောင်အထည် ဖော်ဆောင်ရွက်ရန် အချက် (၂၈) ချက် ရရှိခဲ့ပါသည်။



ထို့ပြင် မွန်ပြည်နယ် အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများအား ဘေးအန္တရာယ်ကင်းရှင်းစွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှု ပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ဦးဆောင်မှုဖြင့် National Level (Health and Safety Protocol-HSP)အသိအမှတ်ပြုလက်မှတ်ရရှိရေး ဆောင်ရွက်လျက်ရှိရာ အသိအမှတ်ပြုလက်မှတ်ရ ဟိုတယ်(၁၇)လုံး၊ Online မှ အသိအမှတ်ပြုထားသည့် ဟိုတယ်(၈)လုံး စုစုပေါင်းဟိုတယ်(၂၅)လုံး ရရှိပြီးဖြစ်ကာ မွန်ပြည်နယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပျက်ဆောင်ရွက်လျက်ရှိပါသည်။

### ပဲခူးတိုင်းဒေသကြီး



၈-၇-၂၀၂၂ ရက်နေ့တွင် ဟိုတယ်၊ တည်းခိုရိပ်သာများတွင် တည်းခိုနေထိုင်သူများအား စနစ်တကျလက်ခံနိုင်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲ၌ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့မှ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ၏ နိုင်ငံသားမှတ်ပုံတင် ၊ ပတ်စ်ပို့၊ ဗီဇာစသည့် အထောက်အထားများအား မှန်ကန်စွာကြည့်ရှု စစ်ဆေးနိုင်ရေး၊ သက်ဆိုင်ရာဌာနများသို့ စနစ်တကျ သတင်းပို့ဆောင်ရွက်နိုင်ရေး၊ Hotel Guest List Management System တွင် ဧည့်စာရင်းများ စနစ်တကျ ဖြည့်သွင်းနိုင်ရေး၊ ဟိုတယ်၊ တည်းခိုရိပ်သာများ၏ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအား သတိပြု

ဆောင်ရွက်နိုင်ရေး၊ ဟိုတယ်များသန့်ရှင်းသာယာလှပရေး၊ Health and Safety Protocol Certificates များလျှောက်ထားနိုင်ရေး၊ အလုပ်အကိုင် (၃)မျိုးအတွက် အကဲဖြတ်စစ်ဆေးမှုများပြုလုပ်နိုင်ရေး၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းသို့ ဝင်ရောက်နိုင်ရေးစသည်တို့အား ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပါသည်။

**Package Tour များ လာရောက်လည်ပတ်မှု**



ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ဇူလိုင်လအတွင်း Package Tour များအဖြစ် Sai Swe Travels & Tours ၏ စီစဉ်မှုအရ စုစုပေါင်း (၅) ကြိမ်ဖြင့် ထိုင်းဧည့်သည်များ ဝင်ရောက်ခဲ့ပြီး ခရီးသည် စုစုပေါင်း (၁၀၅)ဦး လာရောက်လည်ပတ်ခဲ့ပါသည်။ ဩဂုတ်လအတွင်း Sai Swe Travels & Tours မှ ထိုင်းဧည့်သည် (၄၅) ဦး နှင့် Forever Apex Company Limited မှ ထိုင်း ဧည့်သည် (၁) ဦး ၊ စုစုပေါင်း (၄၆) ဦး လည်ပတ်ခဲ့ပါသည်။ စက်တင်ဘာလအတွင်း Forever Apex Company Limited မှ ထိုင်းဧည့်သည် (၁၂) ဦး၊ Golden Light Myanmar T & T Co.,Ltd မှ ထိုင်းဧည့်သည် (၄) ဦး၊ Mandalay Tours For You Co.,Ltd မှ အင်ဒိုနီရှားဧည့်သည်(၁၄) ဦး၊ စုစုပေါင်း (၃၀) ဦး လာရောက်လည်ပတ်ခဲ့ပါကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း လာရောက်လည်ပတ်သော ထိုင်းနိုင်ငံသား ခရီးသွားများအနေဖြင့် ရွှေမော်ဓောဘုရား၊ ရွှေသာလျောင်းဘုရား၊ ကျိုက်ပွန်ဘုရား၊ ကမ္ဘောဇသာဒီနန်းတော်ရာများသို့ အများဆုံးလာရောက်လည်ပတ်ခဲ့ကြပါသည်။

## ရှမ်းပြည်နယ်

**ရှမ်းပြည်နယ်အတွင်း ဟိုတယ်ဝန်ထမ်းများကို ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးခြင်း**



၁-၉-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်မှတစ်ကျော့ပြန် ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားလာမှုကို ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံရာတွင် ဟိုတယ်များမှဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံရန် လမ်းညွှန်မှုပြုခဲ့ပါသည်။

သို့ဖြစ်ရာ ရှမ်းပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသည် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ပူးပေါင်းပါဝင်ပံ့ပိုးမှုတို့ဖြင့် ရှမ်းပြည်နယ်ခရီးစဉ်ဒေသအသီးသီးရှိ ဟိုတယ်ဝန်ထမ်းများသို့ ကိုဗစ်-၁၉ ရောဂါထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးခဲ့ရာ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်ကြီး၊ ကလော၊ ညောင်ရွှေ၊ ဖယ်ခုံ၊ ပင်းတယ၊ နမ့်စန်၊ ဟိုပုံးတို့မှ ဝန်ထမ်း (၁၄၃၀)ဦး သို့လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံ၊ တာချီလိတ်တို့မှဝန်ထမ်း(၁၃၆၂)ဦးသို့လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လားရှိုး၊ မူဆယ်၊ လောက်ကိုင်တို့မှ ဝန်ထမ်း(၁၆၄၈) ဦး သို့လည်းကောင်း ၂၀၂၃ခုနှစ်၊ စက်တင်ဘာလအတွင်း ထိုးနှံပေးခဲ့ပါသည်။

ယင်းသို့ ကာကွယ်ဆေးများထိုးနှံပေးရာတွင် ကလောမြို့ကာကွယ်ဆေး ထိုးနှံပေးမှုအား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်မှလည်းကောင်း၊ တောင်ကြီးမြို့ ကာကွယ်ဆေးထိုးနှံပေးမှုအား ရှမ်းပြည်နယ်အစိုးရ၊ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်မှလည်းကောင်း၊ ညောင်ရွှေမြို့ ကာကွယ်ဆေးထိုးနှံပေးမှုအားဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်မှ လည်းကောင်း ကြည့်ရှုအားပေးခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီး

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးတွင် ရုရှားဘာသာစကားသင်တန်းနှင့် တရုတ်ဘာသာစကားသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွား ဧည့်သည်များ ဝင်ရောက်လည်ပတ်ရာတွင် ရုရှားနှင့် တရုတ်ခရီးသွားဈေးကွက် ပိုမိုရရှိစေရန်နှင့် ကောင်းမွန်သောဝန်ဆောင်မှုများ ပေးနိုင်စေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ပုဂံမြို့နှင့် ပြင်ဦးလွင်မြို့များတွင် ဘာသာစကားသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။



မန္တလေးမြို့တွင် မန္တလေးနိုင်ငံခြားသာသာတက္ကသိုလ်နှင့် ပူးပေါင်း၍ ရုရှားဘာသာစကား (အခြေခံ) သင်တန်းကို ၁၅-၈-၂၀၂၂ ရက်နေ့မှ ၇-၁၀-၂၀၂၂ ရက်နေ့ထိလည်းကောင်း၊ ပုဂံမြို့တွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း၊ ဖူးကျင့် နိုင်ငံတကာဘာသာစကားသင်တန်း သင်တန်းဌာန (Fu Qing International Language Teaching Center) နှင့်ပူးပေါင်း၍ "နေ့စဉ်သုံး အခြေခံ တရုတ်ဘာသာစကားပြောသင်တန်း"ကို ၂၁-၈-၂၀၂၂ ရက်နေ့မှ ၇-၁၀-၂၀၂၂ ရက်နေ့ထိ လည်းကောင်း ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။

လက်ရှိတွင် ပြင်ဦးလွင်မြို့၌ ပြင်ဦးလွင်စစ်တက္ကသိုလ်၊ အဆင့်မြင့်စာပေ ပညာဗဟိုဌာန နှင့် ပူးပေါင်း၍ ရုရှားဘာသာစကားအခြေခံသင်တန်းကို ၁၅-၈-၂၀၂၂ ရက်နေ့မှ ၇-၁-၂၀၂၂ ရက်နေ့ထိ လည်းကောင်း၊ မန္တလေးမြို့တွင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း၊ ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်း သင်တန်းဌာန (Fu Qing International Language Teaching Center) နှင့်

ပူးပေါင်း၍ "နေ့စဉ်သုံးအခြေခံ တရုတ်ဘာသာစကားပြောသင်တန်း"ကို ၁၁-၁၀-၂၀၂၂ ရက်နေ့မှ ၂-၁၂-၂၀၂၂ ရက်နေ့ထိလည်းကောင်း ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။



ဆက်လက်၍ ရုရှားဘာသာစကားသင်တန်းနှင့် တရုတ်ဘာသာစကားသင်တန်းများကို စဉ်ဆက်မပြတ်ဆက်လက်ဖွင့်လှစ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး၊ အခြေခံသင်တန်းဆင်းပြီးသည့် သင်တန်းသားများအတွက် အဆင့်မြင့်သင်တန်းများကို Level အလိုက် ဆက်လက်လေ့လာဆည်းပူးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

## အာဆီယံ MICE (Meeting, Incentive, Convention, Exhibition) စံနှုန်းများဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကျင်းပ

ကမ္ဘာလုံးဆိုင်ရာ စာရင်းဇယားများအရ Meeting, Incentive, Convention, Exhibition (MICE) ခရီးသွားလုပ်ငန်း၏ ဝင်ငွေသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃၄ ဘီလီယံကျော်ရှိပြီး ၂၀၂၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၆၁၉ ဒသမ ၃ဘီလီယံကျော်အထိ ရောက်ရှိရန် မျှော်မှန်းထားကြောင်း၊ MICE ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် အလုပ်အကိုင်အခွင့်အလမ်းများကို ၂၀၁၉ ခုနှစ်တွင် ၄ ဒသမ ၇ သန်းရှာဖွေပေးနိုင်ခဲ့ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အကျိုးကျေးဇူးများစွာ ပေးစွမ်းနိုင်သည့်အတွက် MICE ခရီးသွားလုပ်ငန်းမှာ စနစ်တကျနှင့်အလေးထားဆောင်ရွက်သင့်သော ကဏ္ဍတွင် ပါဝင်လျက်ရှိသည်။

အဆိုပါ MICE ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်ဆောင်ရွက်နေသော ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍမှ အစိုးရနှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသူများအနေနှင့် အာဆီယံမှထုတ်ပြန်ထားသော MICE ဆိုင်ရာစံနှုန်းများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးနှင့် သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျလိုက်ပါဆောင်ရွက်နိုင်ရေးရည်ရွယ်၍ အာဆီယံ MICE စံနှုန်းများဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာလ ၂၂ ရက်နေ့မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။



အသိပညာပေးဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအတွက် Forbes website မှ ထုတ်ပြန်ထားသော သုတေသနလေ့လာချက်အရ The World's 50 Most Beautiful Countries စာရင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း စသည့်နိုင်ငံများနှင့်အတူ မြန်မာနိုင်ငံအနေဖြင့် အမှတ်စဉ် (၄၁) တွင် ပါဝင်လာခဲ့ပါကြောင်း၊ နိုင်ငံအလိုက် Natural Wonders များအပေါ်တွင် Survey ဖြေဆိုသူများ၏ အကဲဖြတ်ရလဒ်များဖြစ်သည့်အတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍတွင် အလားအလာကောင်းများရှိနေကြောင်းပြောကြားသည်။

အာဆီယံ MICE (Meeting Venue) စံနှုန်းကို ထိုင်းနိုင်ငံက ဦးဆောင်ရေးဆွဲခဲ့ပြီး အစည်းအဝေးခန်းမစံနှုန်းကို ၂၀၁၆ခုနှစ် မတ်လတွင် အတည်ပြုခဲ့ကြောင်း၊ စံနှုန်းများကို အဓိကအားဖြင့် Physical အပိုင်း၊ Technology အပိုင်းနှင့် Services အပိုင်းစသည်ဖြင့် အခြေခံ သုံးမျိုးကို ဦးတည်ထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ MICE အစည်းအဝေး ခန်းမဆု ၁၂ ခု ရရှိထားပြီး ပြပွဲခန်းမဆိုင်ရာစံနှုန်းကို ၂၀၁၈ ခုနှစ်တွင် အတည်ပြုထုတ်ပြန်ခဲ့ကာ ယခုနှစ် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်- ၂၀၂၂၌ ပထမအကြိမ်အနေဖြင့် ပေးအပ်ချီးမြှင့်ခဲ့ရာ မြန်မာနိုင်ငံမှ Exhibition Venue ဆု ၂ ခု ရယူထားခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဘာသာရပ်ဆိုင်ရာအရာထမ်းများက အာဆီယံ MICE (Event) စံနှုန်းများ၊ Exhibition စံနှုန်းများနှင့် Meeting စံနှုန်းများအကြောင်းကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။ (သတင်းစဉ်) Source From: Myanmar Alin

## အသေးစားအလတ်စားလုပ်ငန်းများနှင့် ဒီဂျစ်တယ်ပို့ကုန်လုပ်ငန်းများအတွက် အာဆီယံနည်းပညာဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲသို့ Video Conferencing စနစ်ဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်တက်ရောက်



အာဆီယံစီးပွားရေးလုပ်ငန်းများအားလုံး၏ အဓိကဒေါက်တိုင်များဖြစ်သည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် မြှင့်တင်ရန်နှင့် ဒစ်ဂျစ်တယ်ပို့ကုန်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် အာဆီယံဒေသတွင်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍကို နားလည်သဘောပေါက်စေရန် ဂုဏ်လင်နှင့် အပြည်ပြည်ဆိုင်ရာကုန်သည်ကြီးများအသင်းတို့မှ လေ့လာသုံးသပ်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ လေ့လာသုံးသပ်မှုများဆောင်ရွက်လျက်ရှိရာ လေ့လာတွေ့ရှိချက်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများကို ပြန်လည်မျှဝေရန်ရည်ရွယ်၍ အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် ဒီဂျစ်တယ်ပို့ကုန်လုပ်ငန်းများအတွက် အာဆီယံနည်းပညာဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကို ၂၀၂၂ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့ နံနက် ၇:၃၀ နာရီတွင် အမေရိကန်-အာဆီယံစီးပွားရေးကောင်စီမှ Hybridစနစ်ဖြင့် ဦးဆောင်ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ Online မှ ပါဝင်တက်ရောက်ခဲ့ကြပါသည်။